မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၃၆)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့တက်ရောက်လာသော ဧည့်သည်တော်များအား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့်ညစာစားပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ မြက်ခင်းပြင်၌ကျင်းပသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ညနေ ၆ နာရီခွဲတွင် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် ရန်ကုန်မြို့ အလုံလမ်းရှိ **စာမျက်နှာ ၃ ကော်လံ ၁**

ပြည်ထောင်စုကြီးကို အစဉ်ထာဝရ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေး အားမာန်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းကြောင်းဖြစ်စဉ်များကိုပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန် တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးကို နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ်ရပ်တည်နိုင်စေရအောင် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေး အားမာန်များဖြစ်သည်မှာ ထင်ရှားလှပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထိန်းသိမ်းစောင့်ရှောက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများယှက်နွယ်ပေါင်းစည်း ဖြစ်တည်နေသည့် မြန်မာလူမျိုးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူ၍ ယနေ့တိုင် ခိုင်ခိုင်မြဲမြဲ ဖြစ်တည်နေသော ပြည်ထောင်စု နိုင်ငံဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် ညီရင်းအစ်ကို၊ မောင်ရင်းနှမ စိတ်ဓာတ်ဖြင့် သေတစ်ပန်သက်ဆုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အတူတကွလက်တွဲ နေထိုင်သွားကြရမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရ ကိန်းအောင်း ထွန်းကားပြန့်ပွားနေရန် လိုအပ်ပေသည်။

တစ်စိတ်တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကား ပြန့်ပွားနေသော ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများသည် ပြည်ပရန်စွယ် အသွယ်သွယ်ကို လက်တွဲတွန်းလှန် တိုက်ဖျက်နိုင်ခဲ့သော သမိုင်းကြောင်း အစဉ်အလာကောင်းများ ရှိခဲ့သည်။

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် သဝဏ်လွှာ၌-

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန် တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် ကျွန်ုပ်တို့၏ပြည်ထောင်စုကြီးကို နိုင်ငံတကာ့ အလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နိုင်စေရအောင် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေးအားမာန်ဖြစ်သည်မှာ ထင်ရှားလှပါသည်"

ဟူ၍ ဖော်ပြပါရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စွက်ဖက်ကျူးကျော်လိုသော၊ ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီ နယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အစီအစဉ်တကျ သပ်လျှိုဖြိုခွဲပြီး အမျိုးသားရေးအားမာန် လျော့ပါးချည့်နဲ့စေရန် လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲဖြစ်သည်ကို အမျိုးသားရေးသတိဖြင့် သိမြင်ထားကြရန် လိုအပ်ပေသည်။

ကိုလိုနီနယ်ချဲ့တို့၏သပ်လျှိုဖြိုခွဲမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပြီး သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည့် သမိုင်းသင်ခန်းစာများကို တိုင်းရင်းသား ပြည်သူအားလုံး မမေ့မပျောက်ရှိနေကြရမည်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါး၍ အချင်းချင်းသံသယပွား စိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရခြင်း၊ ပြည်ထောင်စုကြီးပြိုကွဲလု အခြေအနေသို့ သုံးကြိမ်တိုင်တိုင် ရောက်ရှိခဲ့ခြင်း အပါအဝင် ကိုလိုနီနယ်ချဲ့တို့ ဖန်တီးခဲ့သည့် သမိုင်းကြောင်းဆိုးမွေများကို ရင်ဆိုင် ဖြေရှင်းခဲ့ရသည်ကို သင်ခန်းစာရယူကြရမည် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမိုင်းကြောင်းသင်ခန်းစာများကို ရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ စေရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းလုပ်ဆောင်ရင်း ပြည်ထောင်စုကြီး အင်အားချည့်နဲ့ ပြိုကွဲရေးအတွက် ဆိုးညစ်သည့်ရည်ရွယ်ချက်ဖြင့် အစီအစဉ်ရှိရှိ လုပ်ဆောင်နေကြသည့် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှု၊ သွေးထိုးမြှောက်ပင့်မှု၊ သွေးဆောင်ဖြားယောင်းမှုတို့ကို တိုင်းရင်းသားပြည်သူအားလုံးက စည်းလုံးညီညွတ်စွာဖြင့် လက်တွဲတွန်းလှန် တိုက်ဖျက်ကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်နေသော အချိန်ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ ခြယ်လှယ် စွက်ဖက်မှုများကို အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်ခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ဝိုင်းဝန်းတွန်းလှန် ဖယ်ရှားသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဆုတ်မနစ် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဖားကန့်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ဆောက်လုပ်မည့်မြေနေရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၄ ရက်က မြစ်ကြီးနားမြို့သို့ရောက်ရှိပြီး ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ဖားကန့်မြို့နယ် လီဒိုလမ်းရှိ ဒွန်ဘန်ကျေးရွာအမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းဆောက်လုပ်မည့်မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်း မှာကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် ရှင်ဗွေယန်မှ ထွက်ခွာခဲ့ရာ နေ့လယ်ပိုင်း၌ နန်းယွန်းမြို့သို့ ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးသည်။

လက်ခံရယူ

ဆက်လက်၍ ဒေသခံတိုင်းရင်းသားများနှင့် နယ်စပ်ဒေသ ဝန်ထမ်းများအတွက် ဆန်၊ ဆား၊ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ၊ ကျောင်းဝတ်စုံများ၊ အဝတ်အထည်များ ထောက်ပံ့ပေးအပ်ရာ နန်းယွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်ကျော်က လက်ခံရယူသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နန်းယွန်းမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းဆောက်လုပ်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများစတင် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ သင်တန်းကို ရည်ရွယ်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရန် ဒေသမှတာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေး မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၀ ရက်က နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စစ်ရေးပြအခမ်းအနားအတွက် စေတနာရှင်များ ပထမအကြိမ် လှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများကို လက်ခံစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၃-၂-၂၀၀၅
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်
ပဋိစ္စသမုပ္ပါဒ်အခြေခံ (အနုလောမ၊ ပဋိလောမ)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် International River. (တတိယနှစ်-ပထဝီဝင်)
၄း၄၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း-၁၁)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ English Premier League ဘောလုံးပွဲ Manchester City Vs Manchester United (Delay)

● **ရှေ့ဖုံးမှ**

သမ္မတအိမ်တော်ဝင်းသို့ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ညှော်ခံပွဲနှင့်ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်

စည်းလုံးခြင်းသည် အင်အား

"တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မည်သို့သောအဖျက်အမှောင့်မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်ဇနီး၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ရေ၊လေ) တပ်မတော်အရာရှိကြီးများ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ အမျိုးသားညီလာခံ အလှည့်ကျသဘာပတိအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သီဆိုဧည့်ခံဖျော်ဖြေ

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း သီဆိုဧည့်ခံဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် အနုပညာ ဦးစီးဌာနမှ အနုပညာရှင်များနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ ရင်သွေးငယ်များက **"မြူးမြူးကြွကြွရင်သွေးတို့အက"**၊ ချင်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ဆာရ်လမ်း(ခ)အောင်ပွဲခံ"**အက၊ တနင်္သာရီတိုင်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"ထိပ်ဆုံးကတနင်္သာရီ"**အက၊ ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက **"ကော့တိုးဘိုး(ခေါ်)တံခွန်တိုင်"** အက၊ မွန်ပြည်နယ်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက **"အသကံနဒီ(အသုကဏ်နဒီ)"**ယိမ်းအက၊ ရှမ်းပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"တိုးတက်ဝေစည် ကမ္ဘောဇဌာနီ"** စုပေါင်းအက၊ ရခိုင်ပြည်နယ်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ကလက်ဖြာလီဟန်လေးလ(ကဟန်လေးလီ)"** အက၊ ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ပြည်ထောင်စုသွေးချင်းများ စည်းလုံးခြင်းကြိုးနွယ်ယှက်ထား"** အက၊ ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ကရင်ရိုးရာဒုံး"** အကနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာ ဦးစီးဌာနမှ အနုပညာရှင်များက **"စည်းလုံးစွမ်းအား ပြည်ထွန်းကား"** တေးသရုပ်ဖော် အစီအစဉ်တို့ဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ဆာအတ်ထိပ်သီးအစည်းအဝေး စောကျင်းပရန် ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့ တိုက်တွန်း

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း(ဆာအတ်)၏ ထိပ်သီးအစည်းအဝေးကို စော၍ ကျင်းပသွားရန် ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့က ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းလိုက်သည်။

ဆွေးနွေးပွဲများအပြီး၌ သတင်းထောက်များကို ဒေသဆိုင်ရာ ထိပ်သီးအစည်းအဝေး အမြန်ဆုံးကျင်းပနိုင်ရေးအတွက် ပိုမိုကြိုးပမ်းရန်လိုအပ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ကက်အဇစ်နှင့်ပါကစ္စတန်နိုင်ငံ၌ အလည်ပတ်ရောက်နေသော သီရိလင်္ကာသမ္မတ ချန်ဒရီကာကူမာရာတွန်ဂါတို့က သဘောတူညီကြောင်း ပြောကြားခဲ့ကြသည်။

ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆာအတ်လုပ်ငန်းစဉ် အရှိန်အဟုန် ပိုမိုရရှိရေးအတွက် ထိပ်သီးအစည်းအဝေးကို စောကျင်းပသွားရန် ပါကစ္စတန်နိုင်ငံက ကြိုးပမ်းအားထုတ်လျက်ရှိခဲ့ကြောင်း ဆာအတ်ဥက္ကဋ္ဌ တာဝန်ယူထားသူ အဇစ်က ပြောကြားသည်။

(၁၃)ကြိမ်မြောက် ဆာအတ်ထိပ်သီးအစည်းအဝေးကို မူလက ဇန်နဝါရီ ၉ ရက်၌ ကျင်းပရန်ရှိသော်လည်း ဒီဇင်ဘာ ၂၆ ရက်တွင် အိန္ဒိယသမုဒ္ဒရာအတွင်း၌ ဆူနာမီသဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှုကြောင့် ပထမတစ်ကြိမ်ပျက်ပြားခဲ့ရပြီး ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်၌ ကျင်းပမည့် နောက်ထပ်အစီအစဉ်မှာလည်း နောက်ဆုံးအချိန်၌ အိန္ဒိယက မတက်ရောက်နိုင်ကြောင်း ပြောဆိုမှုကြောင့် ထပ်မံပျက်ပြားခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် နှစ်သစ်ကူးပွဲတော်ရက်အတွင်း နန်ကျင်းလမ်းမကြီးတစ်လျှောက် လူစည်ကားလျက်ရှိသည်ကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဟောင်ကောင်၏ အကြီးမားဆုံးပန်းပြပွဲ လူ ၂၇၀၀၀၀ ခန့် လာရောက်ခဲ့ကြ

ဟောင်ကောင် ဖေဖော်ဝါရီ ၁၀

နှစ်စဉ် လူနာနှစ်သစ်ကူးနေ့မတိုင်မီ၌ ဟောင်ကောင် ဗစ်တိုးရီးယားပန်းဥယျာဉ်ပြပွဲသို့ ဟောင်ကောင်၌ နေထိုင်သူ အများအပြား လာရောက်လေ့ရှိကြပြီး ထိုပန်းပြပွဲသည် ဟောင်ကောင်၌ပြုလုပ်သော ပြပွဲများတွင် အကြီးကျယ်ဆုံး ဖြစ်သည်။ ယခုနှစ် လူနာနှစ်သစ်ကူးအကြိုနေ့၌ ထိုပန်းပြပွဲသို့ လူ ၂၇၀၀၀၀ ခန့် လာရောက်ခဲ့ကြသည်ဟု ဆိုသည်။

ပြီးစီး

ဗစ်တိုးရီးယားဥယျာဉ်၏ သန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် သန့်ရှင်းရေးအလုပ်သမားများနှင့် အမှိုက်သိမ်းကားများကို ကွန်အစားအစာနှင့် ပတ်ဝန်းကျင်ဌာနက လွှတ်ထားရကြောင်း ဒေသဆိုင်ရာ ရေဒီယိုက ပြောကြားသည်။ ငါးရက်ကြာကျင်းပသည့် ယင်းပြပွဲသည် ဗုဒ္ဓဟူးနေ့ အစောပိုင်း၌ ပြီးစီးခဲ့သည်။

အစဉ်အလာ

ကုသိုလ်ကံကောင်းဖို့အတွက် ဆုတောင်းရန်နှင့် အိမ်အလှဆင်ရန် ပန်းများဝယ်ယူခြင်းသည် ဟောင်ကောင်ဒေသသူ ဒေသသား အများစုအတွက် အစဉ်အလာတစ်ရပ်ဖြစ်သည်။

ခင်းကျင်း

ပြည်သူလူထု ပန်းများဝယ်ရာတွင် အဆင်ပြေစေရန်အတွက် ပန်းပြပွဲကြီး ၁၄ ခုကို ဟောင်ကောင်၌ စီစဉ်ခင်းကျင်းပြသခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်ဝန်ကြီးချုပ်နှင့် အေအိုင်ဒီအက်စ်ဝေဒနာရှင်များ လူနာနှစ်သစ်ကူး အကြိုနေ့၌ အတူတကွရှိနေခဲ့ကြ

ဇန်ကျို ဖေဖော်ဝါရီ ၁၀

တရုတ်နိုင်ငံ ဟောနန်ပြည်နယ် ရှန်ကေးခရိုင်ရှိ ကျေးရွာများတွင်ရှိသော အေအိုင်ဒီအက်စ်ဝေဒနာရှင်များနှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် လူနာ တရုတ်နှစ်သစ်ကူးအကြိုနေ့၌ အတူတကွနေပေးခဲ့သည်။ အဆိုပါ ဟောနန်ပြည်နယ်သည် အေအိုင်ဒီအက်စ်ရောဂါ အဆိုးရွားဆုံး ကူးစက်ဖြစ်ပွားရာ ပြည်နယ်ဖြစ်သည်။

အေးစိမ့်နေသော လေတိုက်ခတ်မှုကို ကြံ့ကြံ့ခံပြီး နှင်းများ ဖုံးလွှမ်းနေသော လမ်းပေါ်တွင် နှင်းလျှောက်ကာ ဝန်ကြီးချုပ်ဝမ်သည် အင်္ဂါနေ့ နံနက်ပိုင်း၌ လူကန်မြို့နယ် နန်ဒါဂူကျေးရွာ ဆေးပေးခန်းသို့ ရောက်လာခဲ့သည်။

ထိုသို့ရောက်ရှိလာရာတွင် ဝန်ကြီးချုပ်ဝမ်က ဆေးဝန်ထမ်းများအား အေအိုင်ဒီအက်စ်ဝေဒနာရှင်များကို မည်သို့ဆေးဝါးကုသမှုပေးပြီး မိမိကိုယ် မိမိယုံကြည်ချက်ရှိလာစေရန် ဝေဒနာရှင်များအား မည်သို့ အားပေးသည်ကို မေးမြန်းခဲ့သည်။

အေအိုင်ဒီအက်စ်ဝေဒနာရှင် လီဆင်လင်းက မျက်ရည်လည်ရွဲဖြင့် အစိုးရက အခမဲ့ဆေးဝါးကုသပေးမှုကို ခံယူခဲ့ပြီးနောက် မိမိသည် ကိုယ်အလေးချိန် ၂၀ ကီလိုတက်လာခဲ့ကြောင်း ပြောပြခဲ့သည်။

ဝင်လော့ကျေးရွာသည် ရှန်ကေးခရိုင်တွင် အေအိုင်ဒီအက်စ်ဝေဒနာရှင် အများဆုံးရှိသောရွာဖြစ်သည်။ ကျေးရွာသားများသည် ဆင်းရဲနွမ်းပါးကြသည့်အလျောက် ၎င်းတို့၏သွေးကို ရောင်းစားခဲ့ကြရာမှ ရောဂါကူးစက်ခံကြရခြင်းကြောင့် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အစ္စရေး-ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ငြိမ်းချမ်းရေးပြန်လည်စတင်နိုင်မည်ဟု တရုတ် မျှော်လင့်

ပေကျင်း ဖေဖော်ဝါရီ ၁၀

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးတိုးတက်မှုများ ဆောလျင်စွာ ပြန်လည်စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ကောင်ကွမ်းက ပေကျင်းမြို့၌ ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် အဘတ်စ်-ရှာရွန် ထိပ်သီးအစည်းအဝေးကျင်းပစဉ်အတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အပေါ် ကောင်ကွမ်းက မှတ်ချက်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

ကြိုဆို

တရုတ်နိုင်ငံအနေဖြင့် ယင်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ထောက်ခံကြိုဆိုကြောင်း၊ ယင်းသဘောတူညီချက်ကို စောလျင်စွာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

တန်ဖိုးထား

ယင်းထိပ်သီးအစည်းအဝေး ဖြစ်မြောက်ရေးအတွက် တွန်းအားပေးခဲ့သည့် အီဂျစ်နှင့် ဂျော်ဒန်တို့၏ အပြုသဘောဆောင်သည့် ကြိုးပမ်းချက်များကို တရုတ်နိုင်ငံက တန်ဖိုးထားကြောင်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးတိုးတက်မှုများ မြင့်တင်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကျင်းပ

အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် အင်္ဂါနေ့က အီဂျစ်နိုင်ငံ ရှန်အယ်ရှိတ်ပင်လယ်နီ အပန်းဖြေစခန်း၌ ထိပ်သီးအစည်းအဝေး ကျင်းပခဲ့ရာ အပစ်အခတ်ရပ်စဲရေးအတွက်ကြေညာနိုင်ခဲ့သည်။ လေးနှစ်ကျော် အကြမ်းဖက်မှုများကြောင့် အသက်ပေါင်းများစွာ သေဆုံးနေရခြင်းကို အဆုံးသတ်စေမည် ဖြစ်သည်။

တက်ရောက်

အဆိုပါထိပ်သီးအစည်းအဝေးတွင် အစ္စရေးဝန်ကြီးချုပ် အေရီရယ်ရှာရွန်၊ ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်၊ အီဂျစ်သမ္မတ ဟို့စ်နီမူဘာရက်၊ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာတို့ တက်ရောက်ခဲ့ကြပြီး လွန်ခဲ့သော လေးနှစ်တာ ကာလအတွင်း အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား အဆင့်အမြင့်ဆုံး တွေ့ဆုံ ဆွေးနွေးမှု ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကားဗုံးကွဲ

ဖေဖော်ဝါရီ ၁၀ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်နေသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတွင် အသည်းအစားထိုးကုသနိုင်မှု အများဆုံးမှတ်တမ်း တရုတ်နိုင်ငံ ရှန်ကျင်းမြို့ ဆေးရုံက ဆောင်ရွက်နိုင်ခဲ့

ရှန်ကျင်း ဖေဖော်ဝါရီ ၉

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ကျင်းမြို့ရှိ အမှတ်(၁)ဗဟိုဆေးရုံမှ ဆရာဝန်များသည် ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်က အသည်းအစားထိုး ခွဲစိတ်ကုသမှု ပေါင်း ၅၀၇ ခုကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ယင်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ အခြားဆေးရုံများတွင် အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုပေါင်း ၃၀၀ ခန့်ကိုလည်း ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အသည်းအစားထိုးကုသမှုအရေအတွက်မှာ တရုတ် တစ်နိုင်ငံလုံးရှိ အသည်းအစားထိုးကုသမှု၏ သုံးပုံတစ်ပုံခန့်ရှိရာ ယင်းအရေအတွက်သည် လွန်ခဲ့သည့် ၁၀ နှစ်နီးပါးခန့်က အသည်းအစားထိုး ကုသမှုအများဆုံး စံချိန်တင်ထားသော အမေရိကန်ရှိ ပတ်ဘတ်တက္ကသိုလ် အသည်းအစားထိုးကုသမှုဌာန၏ စံချိန်ထက်ကျော်လွန်သွားပြီး ကမ္ဘာတွင် အများဆုံးခွဲစိတ်ကုသနိုင်မှုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း ရှန်ကျင်းမြို့ရှိ ကျန်းမာရေးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ယခုကဲ့သို့ မှတ်တမ်းတင်နိုင်ခဲ့ခြင်းမှာလည်း ကမ္ဘာတစ်ဝန်းတွင်ရှိသော အသည်းအစားထိုးမှုကို ဦးဆောင်ဦးရွက်ပြုနေသည့် ဆေးသိပ္ပံဌာနများက ရှန်ကျင်းဆေးရုံရှိ အသည်းအစားထိုးကုသမှုဌာနအား အကူအညီများပေးခဲ့သဖြင့် အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ကျန်းမာရေးဌာနက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်ကလည်း အဆိုပါဆေးရုံက ကျောက်ကပ်အစားထိုးကုသမှုပေါင်း ၃၆၇ ခုကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ရာ ယင်းအရေအတွက်သည် တရုတ်နိုင်ငံ ဆေးရုံများတွင် အများပြားဆုံး အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည့် အရေအတွက်ဖြစ်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဖတ်ကြားစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံး ညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာ ကျင်းပသည့် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ပြည်သူ့ရင်ပြင်ရှေ့ရောက်ရှိ

ရှေးဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့ နေရာယူပြီးနောက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာရပ်နားခဲ့သည့် ပြည်ထောင်စုအလံတော်သည် ရန်ကုန်မြောက်ပိုင်းခရိုင် ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့၌ တစ်ညတာစီရပ်နားခဲ့ပြီး နံနက် ၇ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုလှေ့ဖြင့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့သို့ ရောက်ရှိလာသည်။

ပြည်ထောင်စုလှေ့ဖြင့်သယ်ဆောင်လာသည့် ပြည်ထောင်စုအလံတော်အား ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်ထံမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအဖွဲ့က လက်ခံယူပြီး (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင် အခမ်းအနားသဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဗိုလ်ချုပ်ဌေးဦး၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၏ ကိုယ်စားလှယ် ကရင်ပြည်နယ်မှ ဦးစောထားလုံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ ရဲအရာရှိများ၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ ခြံရံ၍ ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားကျင်းပမည့် ပြည်သူ့ရင်ပြင်သို့ သယ်ဆောင်လာရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မင်္ဂလာစည်တော်ရွှမ်းက ပြည်ထောင်စု အလံတော်အား ကြိုဆိုကြပြီး နံနက်၇နာရီခွဲတွင် ပြည်ထောင်စု အလံတော်အား ပြည်နယ်အလိုက် အထိမ်းအမှတ် သင်္ကေတ အမှတ်အသားများ ဖြစ်သည့် ကချင်ပြည်နယ်အတွက် မနောတိုင် ရုပ်ပုံ၊

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ကယားပြည်နယ်အတွက် ကိန္နရာရုပ်ပုံ၊ ကရင်ပြည်နယ်အတွက် ဖားစည်ကို ကြွချိုနှစ်ခု ဝန်းရံထားသော ရုပ်ပုံ၊ ချင်းပြည်နယ်အတွက် အောက်ချင်းငှက်ရုပ်ပုံ၊ မွန်ပြည်နယ်အတွက် ဟင်္သာငှက်ရုပ်ပုံ၊ ရခိုင်ပြည်နယ်အတွက် သီရိဝစ္ဆနှင့် ခရုသင်းပုံ၊ ရှမ်းပြည်နယ်အတွက် ရှမ်းအမျိုးသား အိုးစည်တီးနေသည့် ရုပ်ပုံများ ပါရှိသော ပန်းချီကားချပ်များ၏ရှေ့ရှိ စင်မြင့်ပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်ပြီး (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား သဘာပတိအဖွဲ့ဝင်များ က စင်မြင့်ပေါ်တွင်နေရာယူကြသည်။

အင်အားတစ်သောင်းကျော်တက်ရောက်

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၃၀၀၀၊ ရန်ကုန် အနောက်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၅၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်း အင်အား ၁၀၀၀၊ ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၅၀၀ စုစုပေါင်းအင်အား ၉၅၀၀ ကျော် တို့သည် ပြည်သူ့ရင်ပြင်ဂိတ် အသီးသီးမှ ဝင်ရောက်နေရာယူကြရာ အခမ်းအနားသို့ ဖိတ်ကြားထားသူများနှင့် ပြည်သူလူထုစုစုပေါင်း အင်အား ၁၀၅၅၇ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြရာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအဖွဲ့ သဘာပတိအဖွဲ့ဝင်များက နေရာယူကြသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဦးစီးသည့် အလံတော်သယ်ယူရေး အဖွဲ့သည် နံနက် ၇ နာရီ မိနစ် ၅၀ တွင် ပြည်သူ့ရင်ပြင်စင်မြင့်ပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စု အလံတော်အား ပြန်လည်နုတ်ယူ၍ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား သဘာပတိ အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ ရေ၊လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များခြံရံ၍ ပြန်လည်သယ်ဆောင်ကာ ပြည်သူ့ရင်ပြင်ရှေ့ ပြည်လမ်းမပေါ်သို့ အရောက်တွင် အသင့်စောင့်ကြိုနေသော ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ် အထိမ်းအမှတ် ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ငွေဖလား၌စိုက်ထူ

ဆက်လက်၍ ၂၀၀၅ ခုနှစ် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ် အထိမ်းအမှတ် ပိုစတာစိုက်ထူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်က တပ်မတော် (ကြည်း၊ရေ၊လေ)၊ ရဲအရာရှိများ၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများ ခြံရံ၍ သယ်ဆောင်ပြီး တစ်နှစ်တာ ရပ်နားမည့် ရန်ကုန်မြို့တော်ခန်းမသို့ ဆက်လက်သယ်ဆောင်ရန် ပြည်ထောင်စု လှေ့ပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

မြို့တော်ခန်းမရှေ့သယ်ဆောင်

ထို့နောက်ပြည်ထောင်စုလှေ့ပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်အား တပ်မတော် (ကြည်း၊ရေ၊လေ)၊ ရဲအရာရှိများ၊ တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံ လိုက်ပါ၍ ပြည်သူ့ရင်ပြင်မှ တစ်နှစ်တာ ရပ်နားမည့် ရန်ကုန်မြို့တော်ခန်းမသို့ ပြည်လမ်းမှ ဘုန်းကြီးလမ်း၊ ထိုမှ မဟာဗန္ဓုလလမ်းအတိုင်း ဆူးလေဘုရားလမ်းကိုဖြတ်၍ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်ကြသည်။

မြို့တော်ဝန်ထံလွှဲပြောင်းပေး

ပြည်ထောင်စု အလံတော်သည် မြို့တော်ခန်းမရှေ့သို့ အရောက်တွင် ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ် အထိမ်းအမှတ် ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်က ပြည်ထောင်စုလှေ့ပေါ်သို့ တက်ရောက်၍ ပြည်ထောင်စု အလံတော်အား နုတ်ယူသယ်ဆောင်လာပြီး အသင့်စောင့်ဆိုင်းနေသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြည်ထောင်စုအလံတော်အား တပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အသင်းဝင်များ ခြံရံ၍ သယ်ဆောင်သွားကာ နံနက် ၈ နာရီ ၂၅ မိနစ်တွင် တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ဝန်၏ ဧည့်ခန်းမ စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူပြီး ပြည်ထောင်စု အလံတော်အား အလေးပြုကြသည်။

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အစိုးရရုံးအဆောက်အအုံများ၊ ပန်းခြံများ၊ လမ်းများ၊ တံတားများ၊ ဈေးများနှင့် ကျောင်းများတွင် ပြည်ထောင်စု အလံများ လွှင့်ထူထားကြသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားပြည်သူများနှင့် ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၀၅)ရက်နေ့

နှင့်

(၂၇-၂-၂၀၀၅)ရက်နေ့

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကဗျာ

ပြည်မြန်မာပြည်ထောင်စုပေမို့ တည်ထောင်ပြူညီညာ

(စည်တော်သံ)

ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်

❑ ရှေးစဉ်ခါ သာကီမျိုးပေမို့
မညှိုးခဲ့ဂုဏ်ရောင်ဝါ၊
ရွှေမြန်မာမျိုးဂုဏ်တောက်တယ်
ကဲမောက်ထိန်ဖြာ၊
စာကဗျာ၊ လက်ာနဲ့ရွှေကျမ်း၊
မျိုးရိက္ခာပေါကြွယ်ဝတယ်
အေးမြငြိမ်းချမ်း။

❑ သခင်ဟာ မြန်မာမျိုးပေမို့
သမ္မာတိုး ရှေးစဉ်လာ၊
အာကာယံအောင်လံလွှင့်တယ်
တိုးဆင့်တေဇာ၊
သာသနာ ထိန်ဖြာလို့ပဝင်း၊
ကမ္ဘာမှာ ဂုဏ်ရောင်လင်းတယ်
သင်းခဲ့သတင်း။

❑ ဘာမထိ ဇာနည်ဖွားတွေမို့
စွန့်စားလို့တိုက်ပွဲဝင်၊
အောင်ပန်းဆင် ပြည်တစ်ခွင်ဓားရောင်လက်တယ်
ထက်မြက်စွာပင်၊
ရှမ်း,ကချင်,ကရင်,ချင်း နှင့် **ကယား၊**
မွန်,ဗမာ,ရခိုင် ပေါင်းဆုံခွဲတယ်
ဖွဲ့နှဲ့မာန်အား။

❑ အမျိုးသားမာန် သတ္တိဖွဲ့တွေနဲ့
အားခဲလို့တွန်းလှန်၊
နယ်ချဲ့ရန် တိုက်ထုတ်ပစ်တယ်
မျိုးချစ်အားမာန်၊
ဒို့အောင်လံ လွှင့်ပျံခဲ့ဝင့်ကြွား၊
ဖက်ဆစ်ရန်တော်လှန်ပွဲကိုလ
ဖွဲ့နှဲ့တိုက်ထား။

❑ ဉာဏ်မျှော်ကာ လွတ်လပ်ရေးကိုလ
ဒို့သွေးနဲ့တိုက်ယူ၊
ချုပ်အခြာ လွတ်လပ်ရေးကို
လှမ်းလို့ဆွတ်ချူ၊
သောင်းတိုက်ဇမ္ဗူ မဉူကွဲ့နတ်ပန်း၊
ကမ္ဘာမှာ စဉ်ပွင့်လန်းတယ်
ချမ်းမြေ့ကြိုင်လျှမ်း။

❑ ပြည်မြန်မာ ပြည်ထောင်စုပေမို့
တည်ထောင်ပြူညီညာ၊
ကချင်,ကယား,ကရင်,ချင်း နှင့် **သွေးရင်းတွေပါ၊**
မွန်,ဗမာ,ရခိုင် နဲ့ **မောရှမ်း၊**
မြစ်ရော သက်သေပြတယ်
အေးမြငြိမ်းချမ်း။

❑ ပြည်မြန်မာညီညာပေါင်းမှ
ပြည်သာကြောင်း စုံစွာ၊
နယ်စပ်မှာ စဉ်ဖွံ့ဖြိုးတယ်
ဆင့်တိုးမေတ္တာ၊
မြစ်ဒုဠ္ဌာ သံလွင်နဲ့စစ်တောင်း၊
မိနိုင်င် ဆီးကြိုလင့်တယ်
ကျူးရင့်ငြိမ့်ညောင်း။

❑ ကချင်ပြည်နယ် **မနောပွဲ**ပေမို့
တူနွဲ့စို့ ပျော်ပျော်၊
တောင်ပေါ်မှာ အိုးစည်တီးတယ်
မြည်ဟည်း **ရှမ်း**နော်၊
ပြိုးလို့ ရွှင်ပျော်၊ ညီချစ်နော်**ကယား၊**
တူပျော်ပျော် နောင်ညီဖွားတို့
ဖားစည်သံကြား။

❑ **ချင်း**တို့နယ် **ခွာဒို**ပွဲပေမို့
သံစဉ်နဲ့စုံစွာ၊
ဇလပ်နီ သစ်တော်သီးနဲ့
ဆီးကြိုလျက်ပါ၊
မီးဝါလိုင် **ရခိုင်နဲ့ပန်းတျား၊**
ကကြိုးမြိုင် နားဆင်သတယ်
မြူးကြွစည်ကား။

❑ ရွှေကရင် နှစ်သစ်ကူးပွဲမို့
နွဲ့ကြစို့ညီညာ၊
ဒို့ဖားစည် **ဒုံးယိမ်း**အကနဲ့
ရွှင်ပျ ကြိုမှာ၊
မွန်ရိုးရာ ညီညာတဲ့**ပွဲဈေး**ပွဲ၊
မိကျောင်းသာ ဗျပ်စောင်းလှရယ်
မြူးကြွလို့နွဲ။

❑ ဒို့ဗမာ ရိုးရာပွဲပေမို့
နွဲ့ကြစို့ ညီညာ၊
ရွှေအိုးစည် ဒိုးအတီးနဲ့
ဆီးလို့ကြိုမှာ၊
မိမြန်မာ ရင်မှာကွဲ့မွေးဖွား၊
တိုင်းရင်းသားတွေ ချစ်ကြည်လွှမ်းတယ်
စွမ်းထက်မာန်အား။

❑ **ဒို့ပြည်ထောင် အောင်ရွှေထီးဆီက**
အောင်စည်ကြီး ရွမ်းဆော်၊
နိုင်ငံတော် စဉ်ငြိမ်းချမ်းတယ်
လှမ်းစို့တူပျော်၊
ခိုင်မြဲနော် ပင်လုံရဲ့မော်ကွန်း၊
ကမ္ဘာတည် မျိုးဂုဏ်တင့်တယ်
ကြွားဝင့် တောက်ရွှန်း။ ။

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနား မြို့နယ်အသီးသီး၌ ကျင်းပ၊ သဝဏ်လွှာဖတ်ကြား

တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ သဝဏ်လွှာဖတ်ကြားစဉ်။ (၁၉၂)



ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင် သဝဏ်လွှာဖတ်ကြားစဉ်။ (က-ပ)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း သဝဏ်လွှာဖတ်ကြားစဉ်။ (၄၀၀)

လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း သဝဏ်လွှာဖတ်ကြားစဉ်။(က-ပ)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး သဝဏ်လွှာဖတ်ကြားစဉ်။ (၁၁၅)

အဠမအကြိမ် ဓမ္မပူဇာပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

လှိုင်သာယာမြို့နယ် ၁/၁၂ ရပ်ကွက် ကန်သာယာလမ်း တရားမဏ္ဍပ်တွင် အဠမအကြိမ်မြောက် ဓမ္မပူဇာပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ဦးရေဝတ ဓမ္မာစရိယအကျော်ပရိယတ္တိစာသင်တိုက်၊ ၁၄ ရက်တွင် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်) တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ၁၅ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (သာသနဇဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ)၊၁၆ ရက်တွင် အရှင်သုန္ဒရ(တိပိဋကရေ တိပိဋကကောဝိဒ)၊ ၁၇ ရက်တွင် အရှင်ခေမာသိရိလင်္ကာရ (သီတဂူ ကြာတစ်ပွင့်၊ ပိဋကတ်တစ်ပုံခွဲအောင်) မဟာဓမ္မကထိက ဗဟုဇဟိတရေ ရွှေပြည်ဟိန်းကျောင်းတိုက်၊ ၁၈ ရက်တွင် အောင်စကြာ ဘဒ္ဒန္တ စန္ဒသူရိယ (မဟာဓမ္မကထိက ဗဟုဇနဟိတရေ) သရက်တောကျောင်းတိုက် ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၂-၂၀၀၅(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၆။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၈း၂၀ ၇။ ဂုံညင်းတန်းတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း-၁၁)
၁၂း၁၅ ၅။ သင်ပုန်းရေလှောင်တမံ
၁၂း၂၅ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **"မြေပြန့်တောင်ပေါ် ပင်လယ်တောင်တန်း"** (ရုပ်မြင်သံကြားဝန်ထမ်းများ) (ဒါရိုက်တာ-မျိုးအေး)
၁၃း၄၀ ၇။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၃း၅၅ ၈။ အကပဒေသာ
၁၄း၁၀ ၉။ တေးဂီတအစီအစဉ်
၁၄း၂၅ ၁၀။ အတီးပြိုင်ပွဲ
၁၄း၃၅ ၁၁။ ရွှေလောင်းတံတား
၁၄း၄၅ ၁၂။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားအစီအစဉ် ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၀၀ ၅။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၇း၀၅ ၆။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၇း၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၂၀ ၈။ အမျိုးသားညီလာခံဂုဏ်ပြုတေး
၁၈း၃၀ ၉။ ညနေခင်းသတင်း
၁၉း၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၅၄)
၁၉း၃၅ ၁၂။ မြန်မာနိုင်ငံကို ပိတ်ဆို့အရေးယူမှုအပေါ် ကမ္ဘာ့ထိပ်တန်းပညာရှင်များကလက်မခံ
၁၃။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု) (ရန်ကုန်တိုင်း)**
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၁၈)

သဲအင်းဂူခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားလမ်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဥတ္တရ(လားရှိုး) အရှင်သူမြတ်က ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၇ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာတရားတော်များဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဖေဖော်ဝါရီ ၁၉ရက် (စနေနေ့) ညနေ ၅ နာရီ အရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရသေ့တောင်မြို့နယ်လုံးဆိုင်ရာ ဓာတုပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓာတုပူဇနီယပွဲတော်ကို တပို့တွဲလဆန်း ၁၁ရက်မှ ၁၃ရက် (ဖေဖော်ဝါရီ ၁၉ရက်မှ ၂၁ရက်) အထိ နိုင်ငံကျော်ဓမ္မကထိက ဆရာတော်ကြီးများက သုံးညတိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုဟောကြားပြီးလျှင် တပို့တွဲလဆန်း ၁၄ရက်၊ ၁၅ရက်(ဖေဖော်ဝါရီ ၂၂ရက်မှ ၂၃ရက်အထိ)များတွင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အလိုတော်ပြည့်ဂေါပကအဖွဲ့ ရသေ့တောင်မြို့နယ်က နှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

ပြည်ထောင်စုလှေဖြင့် သယ်ဆောင်လာသည့် ပြည်ထောင်စု အလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအဖွဲ့က လက်ခံယူစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

အခမ်းအနားသို့ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး အလံတော် သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများစိုက်ထူရေးဆပ်ကော်မတီဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုအလံတော်အား ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ တပ်မတော်(လေ)စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

စည်တော်ရွမ်းဂုဏ်ပြု

ထို့နောက် နံနက် ၆နာရီ ၅၅ မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ရဲအရာရှိလေးဦးနှင့် တိုင်းရင်းသားတိုင်းရင်းသူများ ခြံရံလိုက်ပါလျက် သယ်ဆောင်လာရာ မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွမ်း၍ ဂုဏ်ပြုသည်။

ဆက်လက်၍ နံနက် ၇နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က စလင်းအားကစားကွင်းထိပ်မုခ်ဦး၌ အသင့်စောင့်ဆိုင်းနေသောပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ ပြည်ထောင်စုအလံတော်ကိုစိုက်ထူ၍ အလေးပြုပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ ရဲအရာရှိလေးဦးနှင့် တိုင်းရင်းသားတိုင်းရင်းသူများ ခြံရံလိုက်ပါကာ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ နာနတ်တောလမ်း၊ နာနတ်တောခုံးကျော်တံတားကို ဖြတ်သန်း၍ နာနတ်တောလမ်းနှင့် ပြည်လမ်းဆုံမှ ပြည်လမ်းအတိုင်း ပြည်သူ့ရင်ပြင်သို့ သယ်ဆောင်ကြသည်။

လွှဲပြောင်းပေးအပ်

ပြည်ထောင်စုအလံတော်အား သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် နံနက် ၇နာရီ မိနစ် ၂၀တွင် ပြည်သူ့ရင်ပြင်ရှေ့ရှိ သတ်မှတ်နေရာသို့ရောက်ရှိပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော်(ကြည်း၊ ရေ၊လေ)၊ရဲအရာရှိများနှင့်ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ခြံရံ၍ ပြည်လမ်းအတိုင်း သယ်ဆောင်လာကာ သတ်မှတ်နေရာအရောက်၌ ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းဦးစီးသည့် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

(သတင်းစဉ်)

အရှင်ပဏ္ဍာဝံသ၏ ဓမ္မဒေသနာခရီးစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သဇင်ရေကျော်မိုးကုတ်ဓမ္မရိပ်သာ သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ အရှင်ပဏ္ဍာဝံသနှင့် အရှင်ကောသလ္လအရှင်သူမြတ်တို့သည် တပို့တွဲလဆန်း၁ရက်မှ ၇ရက်အထိ မြောင်းမြမြို့ ပဏ္ဍိတာရုံကျောင်း၊ လဆန်း၁၀ရက်မှ လပြည့်ကျော်၁ရက်အထိ ဇလွန်မြို့နယ် ညောင်အိုင်လေးကျေးရွာ၊ လပြည့်ကျော် ၄ရက်မှ၁၀ရက်အထိ မြောင်းမြမြို့နယ် ငနိုး ကွမ်းခြံကျေးရွာ၊ လပြည့်ကျော် ၁၃နှင့် ၁၄ရက်တို့တွင် တောင်စွန်းစိမ့်စမ်းမြောင်ကျောင်းတို့၌ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်တို့ကို ဟောကြားပြသမည်ဟု သိရသည်။

(က-ပ)

မြန်မာ့အလုပ်ချီပြိုင်ပွဲ ဆုရသူများကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)နှင့် အိုအေစစ်ပန်းချီပြခန်းတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့အလုပန်းချီပြိုင်ပွဲဆုရသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ကြေညာသည်။ ပထမဆု ကျိုက်လတ်ဝင်းမောင်(လှည်းကူး)၊ ဒုတိယဆု ကျိုက်လတ်ဘသဏ်း (တောင်ဒဂုံ)၊ တတိယဆုမင်းမောင်မောင်ရွှေ (ရွှေပေါက်ကံ)တို့ရရှိပြီး အထူးဆုများကို မိုးမခ(ကျောက်ဆည်)၊ မောင်ငွေဖြိုး (လှိုင်သာယာ)၊ သပြေမြင့်သိန်း (မြောက်ဥက္ကလာ)၊ နေအောင်ရှု (မြောက်ဥက္ကလာ)၊ ရွှေကျော်လင်း (မြောက်ဥက္ကလာ)တို့က ရရှိကြသည်။

ဆုရရှိသူများကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ Grand Plaza Park Royal Hotel Grand Ball Room တွင် ဆုချီးမြှင့်မည်ဖြစ်ရာ ဆုရသူများသည် ဖုန်း-၂၄၀၉၆၆၊ လိုင်းခွဲ ၇၀၆နှင့် ၇၀၇ တို့သို့ ဖေဖော်ဝါရီ၁၈ရက် နောက်ဆုံးထား၍ ဆက်သွယ် သတင်းပို့ကြရန်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံသို့တက်ရောက်ရန် ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်(၁၁)ဦး အမျိုးသားညီလာခံ တက်ရောက်ရန် ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပမည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန် ကချင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် (၁၁)ဦးသည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာကြရာ အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့် နှင့် ဆပ်ကော်မတီဝင်များက ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်အောင် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၀ရက်တွင် ရန်ကုန်မြို့မှထွက်ခွာပြီး ပဲခူးမြို့သို့ရောက်ရှိကာ ပဲခူးတိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးရုံး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ ထို့နောက် တိုင်းဦးစီးဌာနမှူး၏ တင်ပြချက်များ အပေါ် ရှင်းလင်းဖြည့်စွက်မှာကြားပြီး ကျိုက်ထိုမြို့သို့ ဆက်လက်ထွက်ခွာသည်။ ကျိုက်ထိုမြို့နယ် ရုံးဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ညနေပိုင်းတွင် မော်လမြိုင်သို့ ရောက်ရှိသည်။

တွေ့ဆုံ

ဖေဖော်ဝါရီ၁၁ရက်တွင် မွန်ပြည်နယ် ဦးစီးဌာနမှူးရုံးခန်း၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ ထို့နောက် ကျိုက်မရောမြို့သို့ရောက်ရှိပြီး မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံမှာကြားသည်။ ကျိုက်မရောမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် သထုံမြို့သို့ ရောက်ရှိပြီး သထုံခရိုင်ဦးစီးဌာနမှူးရုံးခန်း၌ ခရိုင်၊ မြို့နယ်ဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံတွဲခရိုင်အသင်းနှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

သံတွဲခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ)၏ နှစ်(၆၀)မြောက် နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့မုခ် အာဇာနည်ဗိမာန်လမ်း ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ သံတွဲခရိုင်အတွင်းရှိ ဂွ-တောင်ကုတ် - သံတွဲမြို့နယ်များမှ ရန်ကုန်ရောက် ခရိုင်သူခရိုင်သားအသင်းဝင်များနှင့်အသင်းမဝင်ရသေးသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၃၁ရက်တွင် အသက် ၇၆နှစ်ပြည့်ပြီးသူအသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများသည် မှတ်ပုံတင်မိတ္တူဖြင့် လည်းကောင်း၊ ၂၀၀၄ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူ အထောက်အထားဖြင့်လည်းကောင်း ဖေဖော်ဝါရီ ၂၀ရက်နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း-ဖုန်း-၂၉၁၂၀၀၊အတွင်းရေးမှူး ဦးမောင်မောင်ခင် ဖုန်း-၅၇၁၀၁၆၊စာရင်းစစ် ဦးမြမောင် ဖုန်း-၆၄၃၆၂၀နှင့်သံတွဲခရိုင်အသင်းရုံး အမှတ်၁၀၄ ပထမထပ် (ဝဲ) ၃၉လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၈၂၀၈၇တို့သို့ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော မန္တလေးတိုင်း

မန္တလေးတိုင်းသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ ဗဟိုချက်မ၌ တည်ရှိသည်။ မြောက်ဘက်တွင် စစ်ကိုင်းတိုင်း၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်၊ အနောက်ဘက်၌ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့နှင့် တစ်ဆက်တစ်စပ်တည်း တည်နေသည်။ စတုရန်းမိုင်ပေါင်း ၁၄၂၉၄ ကျယ်ဝန်းပြီး ဗမာတိုင်းရင်းသားများနှင့် ရှမ်း၊ ခနော၊ လီဆူး၊ ပလောင်၊ ကချင်၊ ကရင်နှင့် ချင်းတိုင်းရင်းသားမျိုးနွယ်စုများသည် ပြည်ထောင်စုကြီးများထဲမှ ပြည်ထောင်စုငယ်တစ်ခုအသွင် အတူတကွ စုပေါင်းနေထိုင်ကြသည်။ လက်ရှိလူဦးရေ ၇၆၂၇၀၀၀ ရှိရာ မြန်မာနိုင်ငံ၌ လူဦးရေ အများဆုံး မှီတင်းနေထိုင်ရာ တိုင်းဒေသကြီးဖြစ်ပြီး ပျမ်းမျှလူနေသိပ်သည်းမှု ၅၃၄ ယောက်ဖြစ်သည်။

အရှေ့ဘက် နယ်နိမိတ်တစ်လျှောက်တွင် ပေ ၆၀၀၀ ကျော်သည့် ကုန်းမြင့်တောင်တန်းနှင့် အနောက်တောင်၌ ပဲခူးရိုးမဒေသရှိပြီး ပဲခူးရိုးမမြောက်ဖျား၌ ၄၉၈၁ ပေမြင့်သော ပုပ္ပားတောင်ရှိသည်။ အနောက်ဘက်ပိုင်း၌ ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်၊ အရှေ့ဘက်ပိုင်းတွင် မန္တလေး-ကျောက်ဆည်လွင်ပြင်၊ တောင်ဘက်တွင် စစ်တောင်းလွင်ပြင်များ ထင်ရှားသည်။ မြင်းခြံမြို့အနီး၌ ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်နှင့် ပေါင်းဆုံကာ အင်းဝမြို့အနီး၌ ဒုဋ္ဌဝတီခေါ် မြစ်ငယ်မြစ်နှင့် ၎င်း၏မြစ်လက်တက်ဖြစ်သော ပန်းလောင်မြစ်တို့လည်း ဧရာဝတီမြစ်ထဲသို့ စီးဝင်သည်။

စိုက်ပျိုးရေး

မိုးနည်းရပ်ဝန်းဒေသဖြစ်၍ ရှေးမြန်မာမင်းများ လက်ထက်ကပင် စိုက်ပျိုးရေရရှိရေးအတွက် ကန်ချောင်းဆည် မြောင်းများ တည်ဆောက်ခဲ့ရသည်။ ကျောက်ဆည်မြို့ တစ်ဝိုက်တွင် ဆည်များဖြင့် ရေသွင်းစိုက်ပျိုးနိုင်သဖြင့် ထိုခေတ် ထိုကာလက မြန်မာပြည်၏စပါးကျီဟု ထင်ရှားခဲ့သည်။ မြန်မာနိုင်ငံကို ကိုလိုနီ နယ်ချဲ့တို့ ကျူးကျော်သိမ်းပိုက် ခဲ့စဉ်က တစ်နိုင်ငံလုံး၏ စပါးစိုက်ဧရိယာသည် ဧကတစ်သန်းခန့်သာ ရှိခဲ့သည်။

နှစ်ပေါင်း ၁၀၀ ကျော်မျှ ဖြတ်သန်း လာခဲ့ပြီးနောက်တွင် မန္တလေးတိုင်းသည် ဒေသဝမ်းစာဆန် မဖူလုံသော ဒေသဖြစ်ခဲ့ရုံမက အခြားသီးနှံများ၏ စိုက်ပျိုးစွမ်းအားပင် ကျဆင်းလာခဲ့သည်။ အချို့ခရိုင်နှင့် မြို့နယ်များတွင် မိုးမမှန်၊ လေမမှန်၊ ဆည်တမံ မရှိသဖြင့် ယာမြေများကို လက်မှိုင်ချ၍သာ ကြည့်နေခဲ့ရသည်။ တပ်မတော် အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ မျက်ရည်ကိုသုတ်၊ ဒုက္ခကိုငြိမ်းစေပြီး ပြည့်ဝမ်းဗိုက်ကို ဖြည့်တင်း ပြည့်အရည်အချင်းကို မြင့်တင်ပေးနေသောအစိုးရ ဖြစ်သည်။ ပြည်သူထဲမှ ပေါက်ဖွားလာသော တပ်မတော် ဖြစ်၍ ပြည်သူတို့၏ ဘဝကိုမမေ့။ အညာအကြေ မြိုင်ခြေတောကြီးဒေသအသီးသီး၌ ဦးဆွေးဆံမြည့် တာဝန်ထမ်းဆောင်ခဲ့ရ၍ ဒေသတိုင်းကိုမမေ့။ သို့ဖြစ်၍ နိုင်ငံတော်တာဝန်ယူနေရသည့် ကာလတွင် တစ်နိုင်ငံလုံး၏ လိုအပ်ချက်ကို ကွက်လပ်မကျန်ရအောင် ဖြည့်ဆည်းပေးခဲ့သည်။

၁၉၉၆ ခုနှစ် ဧပြီလ၁၃ရက်နေ့တွင် မန္တလေးတိုင်း မြင်းခြံမြို့နယ်၌ ကျင်းပသော မြောက်ပင်လယ်ဆည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

အားပေးချီးမြှင့်စဉ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

"မိမိသည် ဤအညာဒေသတွင် မွေးဖွားကျင်လည်ခဲ့ရသဖြင့် ငယ်စဉ်ကတည်းကပင် ဤဒေသရှိ တောင်သူ လယ်သမားများ၏ ပင်ပန်းဆင်းရဲမှုကို နားလည်သိရှိခဲ့ကြောင်း၊ ရွှေကိုမလို၊ ရေကိုလိုသည်၊ ရေရပါက ရွှေရသလို ခံစားနေရသည့် အခြေအနေကြောင့် ဤဒေသ ရေရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တာဝန်ယူချိန်တွင် ဆောင်ရွက်ပေးနိုင်သည်များကို ယခုကဲ့သို့ ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ရေရရှိပြီဖြစ်၍ ကြိုးစားပြီး အလုပ်လုပ်ကြရန်လိုကြောင်း"

အားပေးစကား ပြောကြားခဲ့သည်။

ဤသို့ဖြင့် မန္တလေးတိုင်း၌ ၁၆ နှစ်တာကာလအတွင်း ဆည်တမံကြီး ၄၂ ခု စုဖွဲ့ဖြစ်တည်လာသည်။ တပ်ကုန်းမှာ ဆင်သေနှင့် ကင်းသာ၊ တောင်သာမှာ သဖန်းချောင်း၊ ဆင်တဲဝ၊ ဝဲလောင်နှင့် ကျောက်တစ်လုံး၊ သာစည်မှာ စမုံနှင့်သက်တော်၊ ပျော်ဘွယ်မှာ ချောင်းကောက် ဆည်တမံများ တည်ဆောက်ပေးခဲ့သည်။ ပြင်ဦးလွင်မှာ စည်သာ၊ ဆင်လမ်းနှင့် ဒိုးကွင်း၊ မြင်းခြံမှာ စွန်းလွန်း၊ တောင်ပင်လယ်နှင့် မြောက်ပင်လယ်၊ ကျောက်ဆည်မှာ ကင်းတား၊ ပျဉ်းမနားမှာ ချောင်းမကြီး ဆည်တမံ အသီးသီးတိုးပွားလာသည်။ ရမည်းသင်းမှာ လဲဖြူ၊ လယ်ဝေးမှာ သဲဖြူ၊ ညောင်ဦးမှာ မြကန်၊ ကျောက်ပန်းတောင်းမှာ ပင်းချောင်း၊ ဝမ်းတွင်းမှာ သပြေရိုး၊ နွားထိုးကြီးမှာ ဇီးတော၊ မြစ်သားမှာ သစ်တက်ကုန်း၊ မလှိုင်မှာ သင်ပုန်း၊ ကွင်းသာနှင့် ပုန်းမကြည်၊ ငါန်းဇွန်းမှာ မြို့သာ၊ နတ်သားတောနှင့် ဖောင်းကတော၊ လယ်ဝေးမှာ ရန်အောင်မြင်၊ တံတားဦးမှာ ချောင်းမနက်၊ ဆည်တမံကြီးများ ပေါ်ထွက်လာခဲ့သည်။

ဆည်နှင့်ဝေး၍ စိုက်ပျိုးရေ မရဟူ၍ မရှိစေရ။ မြစ်ရေတင်စီမံကိန်း ၇၀၊ တူးမြောင်း အသွယ်သွယ်ဖြင့် ဆည်ရေ ရာဘိသကဲ့သို့ လယ်မြေတွေကို အလုပြည့်စေခဲ့သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဝမ်းစာဖူလုံလာရေးနှင့် ရေရှည်အကျိုးဖြစ်ထွန်းရေးအတွက် တည်ဆောက်နေဆဲ မြစ်ရေတင်စီမံကိန်း ကိုးခု၊ တည်ဆောက်ပေးဦးမည့် မြစ်ရေတင်လုပ်ငန်းက ခုနစ်ခု ထပ်မံအကျိုးပြုပါဦးမည်၊ ထိုမျှမကသေးပါ၊ မန္တလေးတိုင်းမှာ တောင်သူလယ်သမားကြီးများ၏ ဘဝကို ပို၍ပို၍လှပလာအောင် ရေလှောင် တမံကြီးများကို မြန်မြန်ဆန်ဆန် ခရီးရောက်၊ ပြီးမြောက်အောင် တည်ဆောက်ပေးလျက်ရှိနေသည်။

ပျဉ်းမနားမြို့နယ်၌ ဧက ၃၅၀၀၀ အကျိုးပြုမည့် ပေါင်းလောင်း၊ လယ်ဝေးမြို့နယ်၌ ဧက ၈၀၀၀စီ အကျိုးပြုမည့် မဒန်းနှင့်ချောင်းမငယ်၊ မတ္တရာ၌ ဧက ၁၂၇၀၀၀ အကျိုးပြုမည့် ဆည်တော်ကြီးရေကူ၊ စဉ့်ကူး၌ ဧက ၈၀၀၀ အကျိုးပြုမည့် မာလဲနတ်တောင်၊ ညောင်ဦး၌ ဧက၂၀၀၀ အကျိုးပြုမည့် ငါ့သရောက် စသည့် ဆည်တမံရှစ်ခုဖြင့် ထပ်မံအကျိုးပြုပေးဦးမည်ဖြစ်သည်။ မုန်တိုင်ရေကူအဖြစ် ကမ်းနီနှင့် ရှမ်းမငယ်ရေလှောင်တမံနှစ်ခု တည်ဆောက်ပေးသွားရန် ကျန်ရှိနေသေးသည်။

နိုင်ငံတော်၏ အားပေးဖြည့်ဆည်းမှုနှင့်အတူ ပြည်သူများအပိုင်းကလည်း ကြိုးပမ်းအားထုတ် အလုပ်လုပ်ကြသဖြင့် မန္တလေးတိုင်း၏ စိုက်ပျိုးသီးနှံမျိုးစုံ အရှိန်အဟုန်ဖြင့်တိုးတက်ကာ နိုင်ငံ၏ စီးပွားရေးကို အောက်ပါအတိုင်း ဆထက်တိုး အကျိုးပြုနေပေသည်-

တစ်ဧကအထွက်နှုန်း-တင်း **စုစုပေါင်းထုတ်လုပ်မှု-တင်း(ထောင်)**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
- စိုက်ပျိုးမြေဧက	၃၄၀၃၇၆၆	၃၅၈၅၉၉၅	၁၈၂၂၂၉
- မြေလွတ်မြေရိုင်းဧက	၃၇၄၈၂၂	၁၃၁၄၆၁	-
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
- **ဆည်၊ကန်၊တာတမံ၊ရေနုတ်**	၆၄	၁၁၆	၅၂
- ဆောင်ရွက်ပြီးလုပ်ငန်း	၆၄	၁၀၆	၄၂

သီဟအောင်

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- ဆောင်ရွက်ဆဲလုပ်ငန်း *	မရှိ	၈	၈
- ဆောင်ရွက်မည့်လုပ်ငန်း *	မရှိ	၂	၂
- **မြစ်ရေတင်လုပ်ငန်း**	မရှိ	၈၆	၈၆
- ဆောင်ရွက်ပြီးလုပ်ငန်း	မရှိ	၇၀	၇၀
- ဆောင်ရွက်ဆဲလုပ်ငန်း	မရှိ	၉	၉
- ဆောင်ရွက်မည့်လုပ်ငန်း	မရှိ	၇	၇
- ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၁၄၃	၁၄၃
- မြေအောက်ရေတွင်းများ	မရှိ	၁၃၈၁	၁၃၈၁
- စုစုပေါင်းအကျိုးပြုဧက	၆၂၄၅၄၈	၁၁၈၃၀၃၁	၅၅၈၄၈၃
သီးထပ်ဧကဖြစ်ထွန်းမှု	၇၁၂၁၁၈	၁၁၂၂၃၄၄	၄၁၀၂၂၆
စပါးတိုးမြှင့်စိုက်ပျိုးမှု			
- မိုးစပါးစိုက်ဧက	၅၈၂၄၉၀	၆၈၁၄၇၈	၉၈၉၈၈
- တစ်ဧကအထွက်နှုန်း*	၅၅.၆၆	၇၁.၁၁	၁၅.၄၅
- နွေစပါးစိုက်ဧက	မရှိ	၁၈၈၆၆၂	၁၈၈၆၆၂
- တစ်ဧကအထွက်နှုန်း*	မရှိ	၉၀.၀၀	၉၀.၀၀
- စုစုပေါင်းထုတ်လုပ်မှု	၂၉၀၁၇	၅၇၅၆၀	၂၈၅၄၃
- ဒေသဝမ်းစာဖူလုံမှု	-	၅၃%	၅၃%
ပဲမျိုးစုံစိုက်ဧက	၄၇၅၇၂၀	၁၂၅၆၉၃၀	၇၈၁၂၁၀
ဝါစိုက်ဧက	၂၁၄၂၈၁	၂၇၇၂၂၁	၆၂၉၄၀
ကြံစိုက်ဧက	၃၇၈၇၀	၆၅၉၆၈	၂၈၀၉၈
အစေ့ထုတ်ပြောင်းစိုက်ဧက	၄၃၃၉၀	၄၄၄၃၀	၁၀၄၀
လက်ဖက်စိုက်ဧက	၂၀၅၀	၅၇၉၁	၃၇၄၁
ကော်ဖီစိုက်ဧက	၁၇၃၂	၇၉၁၆	၆၁၈၄
ဆီထွက်သီးနှံစိုက်ဧက			
- မြေပဲ	၂၇၅၄၈၃	၂၉၈၃၂၉	၂၂၈၄၆
- နှမ်း	၈၀၉၃၆၅	၁၀၈၃၈၄၁	၂၇၄၄၇၆
- နေကြာ	၇၂၆၂၆	၁၁၈၈၀၈	၄၆၁၈၂

မွေးမြူရေးနှင့်ရေလုပ်ငန်း

စားရေးအတွက် မကြောင့်ကြရဘဲ ရေရှည်ကြီးပွားချမ်းသာစေရန် ရှေးလူကြီးသူမများက အိမ်နောက်ဖေး ဈေးဆိုင်တည်ဟူ၍ နည်းလမ်းညွှန်ပြသွန်သင်ခဲ့ကြသည်။ မျက်မှောက်ခေတ်၌ မန္တလေးတိုင်းအတွက် ဒေသအတွင်း စိုက်ပျိုးရေး ဈေးဆိုင်ကြီးကို နည်းလမ်းအဖုံဖုံဖြင့် တည်ထားပေးလျက်ရှိသည်။ ထို့အတူပင် စားဖိုဆောင်အရေး စိတ်အေးရအောင် ဘက်စုံမွေးမြူရေးဖြင့် ဖြည့်ဆည်းပေးနေသည်။ ဧရာဝတီမြစ်ထဲသို့ ထည့်ထားသည့် ငါးမျိုးကောင်ရေ အရေအတွက်ကိုကြည့်လျှင် နောင်မျိုးဆက်အဆက်ဆက်အတွက် ရေရှည်မျှော်မှန်းချက်ဖြင့် ဖော်ဆောင်ပေးမှုများကို လေ့လာတွေ့ရှိနိုင်ပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
တိရစ္ဆာန်တိုးချဲ့မွေးမြူမှု			
- နွား	၁၅၂၈၀၀၀	၁၉၂၄၀၀၀	၃၉၆၀၀၀
- သိုး/ဆိတ်	၅၅၅၀၀၀	၇၃၂၀၀၀	၁၇၇၀၀၀
- ဝက်	၃၃၁၀၀၀	၄၂၀၀၀၀	၈၉၀၀၀
- ကြက်	၃၁၃၉၀၀၀	၇၀၂၂၀၀၀	၃၈၈၃၀၀၀
- ဘဲ	၁၇၈၀၀၀	၂၅၀၀၀၀	၇၂၀၀၀
- ကြက်ဆင်၊ဘဲငန်း၊မန်ဒါလီ	၄၅၀၀၀	၄၇၀၀၀	၂၀၀၀
ငါးပုစွန်တိုးချဲ့မွေးမြူမှု			
- ငါးမွေးမြူရေးကန်ဧက	၅၉၅.၂၅	၆၁၄၅.၉၇	၅၅၅၀.၇၂
- စပါးငါးတွဲဖက်စိုက်ပျိုးမှုဧက	မရှိ	၃၀၀	၃၀၀
- ကောင်ရေ(သိန်း)	မရှိ	၁.၅၀	၁.၅၀
- **ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးမှု**			
- ထုတ်လုပ်မှု(သိန်း)	၃၇.၇၂	၃၅၀၃.၂၉	၃၄၆၅.၅၇
- မျိုးစိုက်မှု(သိန်း)	၉.၇၉	၁၈၈၂.၃၃	၁၈၇၂.၅၄
- ရောင်းချမှု(သိန်း)	၂၆.၂၈	၁၆၂၀.၉၆	၁၅၉၄.၆၈
ဧရာဝတီမြစ်ထဲငါးမျိုးထည့်မှု(သိန်း)	မရှိ	၁၀၇၁.၀၁	၁၀၇၁.၀၁

သစ်တောပြုစုပျိုးထောင်မှု

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် လူဦးရေ ၁၈ သန်းကျော် မှီတင်းနေထိုင်လျက်ရှိသည်။ နိုင်ငံလူဦးရေ သုံးပုံတစ်ပုံခန့်ရှိသော တိုင်းရင်းသားပြည်သူများ မှီတင်းနေထိုင်ရာ ဒေသကြီးဖြစ်သည်။ ရှေးအစဉ်ကပင် "နွေမှာပူလောင်၊ မိုးမှာခေါင်၊ ဆောင်းမှာ စောင်မလောက်"ဟု ကောက်ချက်ချရလောက်အောင် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာခဲ့သည်။ နှစ်ပေါင်း ၁၀၀ ကျော် ကန္တာရခရီးကို ဖြတ်သန်းလာခဲ့ရသည်။ နောင်နှစ် ၅၀ သာ ဤအတိုင်း ခရီးဆက်နေရပါက မြန်မာ့ပထဝီဝင်ဘာသာရပ်တွင် "မြန်မာနိုင်ငံသည် တောင်ကုန်းတောင်တန်း ချိုင့်ဝှမ်းလွင်ပြင်များသာမက သဲကန္တာရလည်း ရှိသည်"ဟု ရေးရတော့မည်ဖြစ်သည်။

တပ်မတော်အစိုးရသည် အပူပိုင်းဒေသ ခရီးသည်ကြီးကို ရေချိုရေအေးလည်းတိုက်ကျွေးခဲ့သည်။ နေပြောက်မထိုးရအောင်ထီးမိုး၍လည်း စောင့်ရှောက်ပေးခဲ့သည်။ ပုပ္ပားတောင်တစ်ဝိုက်ဒေသ အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း အထူးဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးသည် မြန်မာနိုင်ငံ၏ ရွှေခရီးအတွက် ရွှေထီးတစ်လက်ပမာ မိုးကာပေးလျက်ရှိနေသည်ကို အောက်ပါဇယားနှစ်ခုဖြင့် ညွှန်းပြုအပ်ပေသည်-

* စတုရန်းမိုင်

သစ်တောပြုစုထိန်းသိမ်းမှုကဏ္ဍ ***အပင်(သန်း)**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၃၈၆၆	၃၈၅၇	(-) ၉
ကြိုးပြင်ကာကွယ်တော*	မရှိ	၈၅	၈၅
သဘာဝနယ်မြေဧရိယာ*	၁၂၈.၉၈	၁၈၇.၅၂	၅၈.၅၄
သစ်တောစိုက်ခင်းထူထောင်ခြင်း(ဧက)	၁၄၃၀၅	၂၃၃၆၂၈	၂၁၉၃၂၃
- ကျွန်းအထူးစိုက်ခင်းဧက	မရှိ	၂၁၀၀၀	၂၁၀၀၀
- စီးပွားရေးစိုက်ခင်းဧက	၅၈၀၅	၅၁၅၂၅	၄၅၇၂၀
- ကျေးရွာသုံးစိုက်ခင်းဧက	၄၇၀၀	၅၇၃၇၈	၅၂၆၇၈
- စက်မှုကုန်ကြမ်းစိုက်ခင်းဧက	၁၈၀၀	၃၅၆၅၀	၃၃၈၅၀
- ရေဝေရေလဲစိုက်ခင်းဧက	၂၀၀၀	၆၈၀၇၅	၆၆၀၇၅
သစ်ဆိမ့်ပင်စိုက်ခင်း(ဧက)	မရှိ	၁၅၀၀	၁၅၀၀
လူထုလှုပ်ရှားမှုသစ်ပင်စိုက်ပျိုးခြင်း*	၀.၈၀	၂၆.၅၃	၂၅.၇၃

စိမ်းလန်းစိုပြည်ရေးကဏ္ဍ

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စိုက်ခင်းတည်ထောင်ခြင်း(ဧက)	မရှိ	၆၁၉၀၇	၆၁၉၀၇
- သစ်ထင်းစိုက်ခင်းဧက	မရှိ	၁၉၆၉၀	၁၉၆၉၀
- ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၃၀၃၀၀	၃၀၃၀၀
- တောင်တန်းစိုက်ခင်းဧက	မရှိ	၃၆၅၀	၃၆၅၀
- သုတေသနစိုက်ခင်းဧက	မရှိ	၁၅၂	၁၅၂
- အခြားစိုက်ခင်းဧက	မရှိ	၆၈၁၅	၆၈၁၅
- သစ်ဆိမ့်စိုက်ခင်းဧက	မရှိ	၁၃၀၀	၁၃၀၀
သဘာဝတောထိန်းသိမ်းမှု(ဧက)	မရှိ	၂၆၅၀၀၀	၂၆၅၀၀၀
ထင်းအစားထိုးလောင်စာ			
- စွမ်းအားမြှင့်မီးဖို	မရှိ	၈၈၇၅၁	၈၈၇၅၁
- လောင်စာတောင့်	မရှိ	၂၀၄၀၅	၂၀၄၀၅
- စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း	မရှိ	၂၃၄၂၃	၂၃၄၂၃
ရေရရှိရေးဆောင်ရွက်မှု			
- ရေကန်ငယ်	မရှိ	၃၆၁	၃၆၁
- နှန်းတားဆည်	မရှိ	၄၈၂	၄၈၂
- မြေအောက်ရေတူးဖော်ခြင်း	မရှိ	၂၃	၂၃
ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး			
- **စိုက်ခင်းတည်ထောင်ခြင်း(ဧက)**	မရှိ	၁၈၉၀	၁၈၉၀
- သစ်ထင်းစိုက်ခင်းဧက	မရှိ	၉၀	၉၀
- ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၁၆၀၀	၁၆၀၀
- သစ်ဆိမ့်စိုက်ခင်းဧက	မရှိ	၂၀၀	၂၀၀
- **သဘာဝတောထိန်းသိမ်းမှု(ဧက)**	မရှိ	၂၀၀၀	၂၀၀၀
- **ထင်းအစားထိုးလောင်စာ**			
- စွမ်းအားမြှင့်မီးဖို	မရှိ	၁၂၀၀	၁၂၀၀
- လောင်စာတောင့်	မရှိ	၂၀၀	၂၀၀
- စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း	မရှိ	၃၅၀	၃၅၀
- **ရေရရှိရေးဆောင်ရွက်မှု**			
- ရေကန်ငယ်	မရှိ	၆	၆
- နှန်းတားဆည်	မရှိ	၁၀	၁၀
- မြေအောက်ရေတူးဖော်ခြင်း	မရှိ	၁	၁
နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သောစိုက်ခင်း(ဧက)	မရှိ	၄၈၁၆	၄၈၁၆

ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး

ယေဘုယျအားဖြင့် မန္တလေးတိုင်းသည် မြို့ကြီးများကို ချိတ်ဆက်ထားသော လမ်းကြောင်းများကြောင့် သွားရေး လာရေးလွယ်ကူသော တိုင်းတစ်တိုင်းဖြစ်သည်ဟု ထင်ဖွယ်ရှိသည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသများပါ ပြိုင်တူတိုးတက်ရေး ရှုထောင့်မှကြည့်လျှင် လိုအပ်ချက်နှင့် ဟာကွက်များစွာ ရှိနေခဲ့သည်။

ပြည်ထောင်စုတစ်ဝန်းလုံး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်ကြီး တည်ဆောက်နိုင်ရမည်ဟူသည့် ရည်မှန်းချက်ဖြင့် ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်နှင့်မြို့ချင်းဆက်လမ်းများ၊ ကျေးလက်မှမြို့တက်သည့်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် နယ်စပ်ဒေသလမ်းများကို ဌာနအသီးသီး၊ အဖွဲ့ အစည်းအရပ်ရပ်၏ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် မရပ်မနားတည်ဆောက်ပေးလျက်ရှိသည်။

မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း၊ မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း၊ တွင်းငယ်-မိုးမိတ်လမ်း၊မန္တလေး-မိုးကုတ်-စီဦး-ဗန်းမော်လမ်း၊ မန္တလေး-ပြင်ဦးလွင်-ဝက်ဝံ-နောင်ချိုလမ်း၊ မန္တလေး-စစ်ကိုင်း-မုံရွာလမ်း၊ မန္တလေး-မိတ္ထီလာလမ်း၊ မကွေး-တောင်တွင်းကြီး-ကျောက်ပန်းတောင်း-မိတ္ထီလာလမ်း စသည့် လမ်းမကြီးများ ပိုမို၍ အဆင့် မြင့်မားလာသည်။

ကျောက်ဆည်မြို့နယ်ရှိ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ဇော်ဂျီမြစ်ကူး-ဇော်ဂျီတံတားနှစ်စင်း(ပေ၂၁၀စီ)၊ မန္တလေး-တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းတွင် ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား (ပေ၇၀၀)၊ ပန်းလောင်ချောင်းကူး ပန်းလောင်တံတား(ပေ၃၀၀)၊ မြစ်သားမြို့နယ် မြင်းခြံ-ရေဝန်းလမ်းပိုင်းတွင် စမုံချောင်းကူး စမုံပေါက်တံတား(ပေ၃၀၀)၊ မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်လမ်းပိုင်းတွင် ချောင်းမကြီးချောင်းကူး တံငါတံတား(ပေ၃၆၀) ဟူသည့် တံတားကြီး ခုနစ်စင်းပေါ်ထွန်းခဲ့သည်။

ပေ ၁၈၀ အထက် တံတားကြီးခြောက်စင်း တည်ဆောက်ပေးနေဆဲဖြစ်သည်။ စဉ့်ကိုင်မြို့နယ်တွင် ပန်းလောင်၊ မြစ်ငယ်နှင့်ပင်းချား၊ ပျဉ်းမနား၌ ပေါင်း လောင်း၊ မိုးကုတ်မြို့နယ်၌ ကျောက်အိုးတို့သည် နောက်တိုးလာမည့် တံတားကြီး ငါးစင်းဖြစ်သည်။ နောက်တစ်စင်း ရှိပါသေးသည်။ အမရပူရမြို့နယ်တွင် ယခင်တည်ရှိနေသည့် အင်းဝတံတား(ပေ ၃၉၆၀)နှင့် အလှချင်းပြိုင်မည့် ၅၆၀၄ပေ ရှည်လျားသည့်ဧရာဝတီမြစ်ကူး(ရတနာပုံ)တံတားကြီးဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁



၁၉၈၈ ခုနှစ်နောက်ပိုင်း

မန္တလေးတိုင်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

မန္တလေးတိုင်း ကျောက်ဆည်မြို့တွင် တည်ဆောက်ပေးထားသည့် ဆင်မင်း(၂)ဘီလပ်မြေစက်ရုံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



မန္တလေးတိုင်း မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်က ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း – မြန်မာ့အလင်း)

မန္တလေးတိုင်း မြင်းခြံမြို့နယ်တွင် တည်ဆောက်ပေးထားသည့် မြင်းခြံ ဒီဂရီကောလိပ် ပင်မဆောင်ကို ဤသို့ ခံ့ညားထည်ဝါစွာတွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း – မြန်မာ့အလင်း)

စာမျက်နှာ ၈ မှ

ကိုလိုနီနယ်ချဲ့တို့သည် နှစ်ပေါင်း ၁၂၄ နှစ်နီးပါး မြန်မာနိုင်ငံအား ကုပ်သွေးစုပ်သွားသော်လည်း မိုင် ၁၀၀၀ ကျော် ရှည်လျားသည့် ဧရာဝတီမြစ်ကို တစ်စင်းတည်းသော အင်းဝတံတားဖြင့်သာ ပစ်ထားခဲ့သည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးရေး၊ မဖွံ့ဖြိုးရေးသည် ၎င်းတို့၏ အရေးမဟုတ်။ ဝေးလံသီခေါင်သော နယ်စပ်ဒေသများ တိုးတက်မှု၊ မတိုးတက်မှုကိုလည်း ဂရုမပြု။ လျစ်လျူရှု ဥပေက္ခာပြုခဲ့သည်။ မျက်မှောက်ခေတ်၌ ၁၆ နှစ် အတွင်း တပ်မတော်အစိုးရက ဧရာဝတီမြစ်ကြီးအား တံတားခုနစ်စင်း ခင်းပေးခဲ့ပြီ။

နယ်ချဲ့ခေတ်၌ ကျောသားရင်သား ခွဲခြားခဲ့သည်။ တောင်ပေါ်မြေပြန့် ကန့်သတ်ခဲ့သည်။ သွေးခွဲအုပ်ချုပ် အမြတ်ထုတ်ခဲ့သည်။ မျက်မှောက်ခေတ်၌ ကျောချင်းကပ်ထားသည်။ ရင်ချင်းအပ်ထားသည်။ ရေမခြား မြေမခြား လူမခြား မှုမခြားဘဲ ကိုယ့်သားကိုယ့်သွေးမဝေးရအောင် နိုင်ငံအင်အား လမ်းတံတားများ တည်ဆောက်ပေးနေကြောင်းကို မန္တလေးတိုင်း၏ အောက်ပါဖွံ့ဖြိုးတိုးတက်မှု ဇယားတစ်ခုက ညွှန်းပြသက်သေဆိုနေပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ရထားပို့ဆောင်ရေး			
– ရထားလမ်းခရီးမိုင်	၄၅၉.၈၃	၆၁၃.၃၈	၁၅၃.၅၅
– သံလမ်းမိုင်	၆၂၃.၁၁	၈၀၅.၆၄	၁၈၂.၅၃
– ခရီးသည်ဦးရေ	၆၀၁၉၇၀၀	၆၄၁၈၂၀၀	၃၉၈၅၀၀
– ခရီးသည်မိုင်	၄၄၃၂၅၃.၁	၄၅၅၃၂၇.၁	၁၂၀၇၄.၀
– ကုန်တန်ချိန်	၄၉၈၅၀၀	၈၈၃၆၀၀	၃၈၅၁၀၀
– ကုန်တန်မိုင်	၈၈၇၁၈.၈	၁၉၅၃၉၀.၉	၁၀၆၆၇၂.၁
– ဘူတာရုံ	၁၂၅	၁၇၅	၅၀
လေကြောင်းပို့ဆောင်ရေး			
– လေယာဉ်ကွင်းများ	၅	၇	၂
– ပြေးလမ်းပေ(၅၀၀၀)အထက်	၄	၇	၃
– ပြေးလမ်းပေ(၅၀၀၀)အောက်	၁	–	အဆင့်မြှင့်တင်
ကားလမ်းများ	၁၀၃၅/၀	၁၂၈၄/၇	၂၄၉/၇
တိုးချဲ့ဖောက်လုပ်မှု(မိုင်)			
– ကတ္တရာလမ်းမိုင်	၈၅၃/၀	၁၁၀၂/၀	၂၄၉/၂
– ကျောက်ခင်းလမ်းမိုင်	၇၁/၀	၉၁/၀	၂၀/၅
– အမာခံလမ်းမိုင်	၇၄/၀	၅၀/၃	အဆင့်မြှင့်တင်
– မြေသားလမ်းမိုင်	၃၇/၀	၄၀/၅	၃/၅
တံတားများတိုးချဲ့တည်ဆောက်မှု			
– ပြည်သူ့ဆောက်လုပ်ရေး			
– ပေ(၁၈၀)အထက်တံတား	၁၈	၃၁	၁၃
– တည်ဆောက်ပြီးတံတား*	၁၈	၂၅	၇
– တည်ဆောက်ဆဲတံတား*	မရှိ	၆	၆
– ပေ(၁၈၀)အောက်တံတား	၂၂၇	၃၆၅	၁၃၈
– တည်ဆောက်ပြီးတံတား	၂၂၇	၃၆၅	၁၃၈

ဆက်သွယ်ရေး

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖြင့် တင့်တယ်လှပလာသော မန္တလေးတိုင်းအတွက် ဆက်သွယ်ရေး အင်အား မြင့်မားအောင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။ လူဦးရေအချိုးအစား၊ ကူးလူးဆက်ဆံမှု အနေအထားနှင့်အညီ မန္တလေးတိုင်း၏ ဆက်သွယ်ရေးစွမ်းရည် မြင့်မားတိုးတက်လျက်ရှိသည်။ မျက်မှောက်ခေတ်၏ မန္တလေးတိုင်းမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားရေးဘဝမြင့်မားလျက် ဆက်သွယ်ရေးစွမ်းအားတက်နေပုံကို အောက်ပါ ယခင်နှင့်ယခု ဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်က သက်သေခံနေပေသည်–

***(လူ၁၀၀၀လျှင်)**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၁၄၀	၁၄၉	၉
ကြေးနန်းရုံး	၃၇	၄၇	၁၀
ဖက်စ်စီမီလီ	၁	၃၂၉	၃၂၈
ကွန်ပျူတာကြေးနန်း	မရှိ	၂	၂
ပြည်တွင်းဖက်စ်လုပ်ငန်း	မရှိ	၁၁	၁၁
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၂၇	၆၇	၄၀
– လိုင်းအင်အား	၁၀၈၅၈	၆၆၆၉၅	၅၅၈၃၇
– အိတ်ချိန်း	၂၇	၄၇	၂၀
– တိုက်ရိုက်လိုင်း	၉၃၂၆	၅၁၁၄၆	၄၁၈၂၀
– အော်တို/လက်သုံးတယ်လီဖုန်း	၉၃၂၆	၃၅၄၀၇	၂၆၀၈၁
– အော်တိုရေဒီယိုတယ်လီဖုန်း	မရှိ	၆၁၉	၆၁၉
– CDMA တယ်လီဖုန်း	မရှိ	၁၉၁၆	၁၉၁၆
– ဆယ်လူလာတယ်လီဖုန်း	မရှိ	၄၀၈၆	၄၀၈၆
– DECT တယ်လီဖုန်း	မရှိ	၁၄၅၀	၁၄၅၀
– GSM တယ်လီဖုန်း	မရှိ	၇၆၆၈	၇၆၆၈
– တယ်လီဖုန်းသိပ်သည်းဆ*	၁.၉၈	၆.၈၉	၄.၉၁
မိုက္ကရိုဝေ့ဗ်စခန်း	၁၂	၂၀	၈
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၂၀	၂၀
အီးမေးလ်၊အင်တာနက်	မရှိ	၁၈၁	၁၈၁
X.25 Line လိုင်း	မရှိ	၂၃	၂၃
မိုက္ကရိုလင့်	မရှိ	၆၄	၆၄

အော်တိုတယ်လီဖုန်းဌာန၏ လိုင်းအားတိုးချဲ့ခြင်း(ဆောင်ရွက်ဆဲ)

၁။	မန္တလေး	လိုင်းအင်အား	(၃၀၀၀)
၂။	မတ္တရာ	လိုင်းအင်အား	(၅၀၀)
	စုစုပေါင်း	လိုင်းအင်အား	(၃၅၀၀)

DECT တယ်လီဖုန်းစီမံကိန်း(ဆောင်ရွက်ဆဲ)

၁။	မန္တလေး	လိုင်းအင်အား	(၃၀၀၀)

ဆောင်ရွက်ဆဲနယ်အော်တိုအိတ်ချိန်းစီမံကိန်း

၁။	တောင်သာ	လိုင်းအင်အား	(၇၀၀)
၂။	မလှိုင်	လိုင်းအင်အား	(၅၀၀)
၃။	နွားထိုးကြီး	လိုင်းအင်အား	(၅၀၀)
၄။	ညောင်ဦး(တိုးချဲ့)	လိုင်းအင်အား	(၅၀၀)
၅။	မြင်းခြံ(တိုးချဲ့)	လိုင်းအင်အား	(၇၀၀)
	စုစုပေါင်း	လိုင်းအင်အား	(၂၉၀၀)

လျှပ်စစ်စွမ်းအား

မျက်မှောက်ခေတ်၌ တိုင်းရင်းသားပြည်သူများ လျှပ်စစ်ဓာတ်အား တိုးမြှင့်သုံးစွဲနိုင်ရေး ဦးစားပေးဖော်ဆောင် ပေးလျက်ရှိသည်။ နိုင်ငံ့လျှပ်စစ်စွမ်းအား မြင့်မားစေရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း ၁၂ ခုကို တစ်ပြိုင်တည်း ဆောင်ရွက်နေသည်။

ထိုစီမံကိန်း ၁၂ ခုတွင် မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်၌ ဆောင်ရွက်နေသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးလည်း ပါဝင်သည်။ တပ်မတော်အစိုးရလက်ထက်၌ မန္တလေးတိုင်းအတွင်း ဆည်တော်ကြီး (၂၅မဂ္ဂါဝပ်)နှင့် ပေါင်းလောင်း (မဂ္ဂါဝပ်၂၁၀)အကြီးစား ရေအားလျှပ်စစ်စက်ရုံနှစ်ရုံနှင့် မိုးကုတ်(၄မဂ္ဂါဝပ်)အလတ်စား ရေအားလျှပ်စစ်စက်ရုံတို့ကို တည်ဆောက်ပေးခဲ့သဖြင့် ၁၉၈၈ ခုနှစ်က စက်တပ်ဆင်အင်အား ၄၅ မဂ္ဂါဝပ်သာရှိခဲ့ရာမှ ယခုမဂ္ဂါဝပ် ၁၈၀ အထိ ရှိလာခဲ့သည်။

လက်ရှိတည်ဆောက်နေသည့် ရဲရွာစီမံကိန်းမှ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ရရှိမည်ဖြစ်သည်။ အလားတူ မဂ္ဂါဝပ် ၁၄၀ ထုတ်လုပ်ရရှိမည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း တည်ဆောက်ပေးနေသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ၁၈ရက်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး–

“စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ပေးထားသည့် အချိန်ကာလထက် ဖြစ်နိုင်သမျှစော၍ ပြီးစီးအောင် ကြိုးကြိုးစားစား ဆောင်ရွက်၍ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်း ပေးသွားရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးအဖွဲလုပ်ငန်းဟူ၍ သဘောမထားဘဲ လုပ်ငန်းတိုင်းကို သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း ရဲရွာစီမံကိန်းသည် ကြီးမားသည့် စီမံကိန်းလုပ်ငန်းကြီးဖြစ်၍ ပို၍သတိပြု အလေးထားဂရုစိုက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း”

လမ်းညွှန်မှာကြားခဲ့သည်။

၁၉၈၈ ခုနှစ်က မန္တလေးတိုင်း၏ ဓာတ်အားသုံးစွဲနိုင်မှုမှာ ယူနစ်သန်းပေါင်း ၁၈၃ဒသမ၅၉ရှိခဲ့သည်။ ယနေ့ ကာလတွင် ဖွံ့ဖြိုးတိုးတက်လာသော လူမှုစီးပွားရေးဘဝနှင့်အညီ ဓာတ်အားယူနစ်သန်းပေါင်း ၅၁၉ဒသမ၉၃၅ အထိ တိုးတက်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။ ရဲရွာနှင့် ပေါင်းလောင်း စီမံကိန်းနှစ်ခု ပြီးစီးလျှင် ရှိလာမည့်စက်တပ်ဆင် အင်အားက လက်ရှိအနေအထားထက် လေးဆမျှတက်သွားမည်ဖြစ်ရာ မကြာမီဖြစ်ထွန်းလာမည့် မန္တလေးတိုင်း၏ လူမှုစီးပွားရေးဘဝအချိုးကို အောက်ပါဇယားဖြင့် ချိန်ထိုး၍ ကြည့်နိုင်ပေသည်–

ဓာတ်အားသုံးစွဲမှု–ယူနစ်(သန်း) ***မဂ္ဂါဝပ်**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၁၈၃.၅၉၀	၅၁၉.၉၃၅	၃၃၆.၃၄၅
အမြင့်ဆုံးဝန်အား	၄၅.၀၀၀	၁၈၀.၀၀၀	၁၃၅.၀၀၀
လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
– တည်ဆောက်ပြီးရေအားလျှပ်စစ်စက်ရုံ	**၁**	**၄**	**၃**
– အကြီးစား(၁၀မဂ္ဂါဝပ်အထက်)	၁	၃	၂
– အလတ်စား(၁–၁၀မဂ္ဂါဝပ်)	မရှိ	၁	၁
– စက်တပ်ဆင်အင်အား	၅၆.၀၀၀	၂၉၅.၀၀၀	၂၃၉.၀၀၀
– တည်ဆောက်ဆဲစီမံကိန်းများ*	မရှိ	၂	၂
– အကြီးစား(၁၀မဂ္ဂါဝပ်အထက်)	မရှိ	၂	၂
– စက်တပ်ဆင်အင်အား	မရှိ	၉၃၀.၀၀၀	၉၃၀.၀၀၀
– ဒီဇယ်ဆီသုံးစက်ရုံ	၁၀	၁၈	၈
လက်ရှိစက်တပ်ဆင်အင်အား	၅၉.၁၀၀	၃၃၃.၄၆၀	၂၅၄.၃၆၀
ရှိလာမည့်စက်တပ်ဆင်အင်အား	၅၉.၁၀၀	၁၂၆၃.၄၆၀	၁၁၈၄.၃၆၀

စက်မှုလက်မှု

လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလာနိုင်သည်နှင့်အညီ မန္တလေးတိုင်းမှ ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်လျက်ရှိသည်။ ထို့အတူ မန္တလေးတိုင်း၏ စက်မှုလက်မှုကဏ္ဍကလည်း ထက်ကြပ်မကွာ လိုက်ပါဖွံ့ဖြိုးနေသည်။

နိုင်ငံတော်က စက်မှုအခြေခံရှိထားသောတိုင်းအတွင်း၌ မန္တလေး၊ မြင်းခြံနှင့် မိတ္ထီလာဟူ၍ စက်မှုဇုန်သုံးဇုန် ဖွဲ့စည်းတည်ထောင်ပေးထားသည်။ မန္တလေးစက်မှုဇုန်တွင် လုပ်ငန်းပေါင်း ၁၁၅၅ ခုအထိရှိပြီး ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၈၈၃ဒသမ၄၄သန်းရှိကာ ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၆၀၉၁ဒသမ ၂၅ သန်းအထိ ကိုးဆနီးပါး မြင့်မားလျက်ရှိသည်။

မြင်းခြံစက်မှုဇုန်တွင် လုပ်ငန်းပေါင်း ၃၁၀ ရှိပြီး ရင်းနီးမြှုပ်နှံမှုမှာ ကျပ် ၃၆၆ဒသမ ၃၁သန်းဖြစ်သည်။ ကုန်ထုတ်လုပ်မှုတန်ဖိုး ကျပ် ၉၆၄ဒသမ ၉၅သန်းရှိ၍ သုံးဆနီးပါးတိုးတက်နေသည်။ မိတ္ထီလာစက်မှုဇုန်၌ လုပ်ငန်းပေါင်း ၄၁၆ ခုရှိသည်။ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၄၉၅ဒသမ၇၈သန်းဖြစ်ပြီး ကုန်ထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၃၂၁ဒသမ၀၁သန်း အထိ တိုးတက်နေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၂ရက်၌ ရေနံချောင်းစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင်–

“ပြည်တွင်း၌ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ ပန်းပဲဖိုအဆင့်မျိုးမှ ခေတ်မီ စက်ကိရိယာများသုံးစွဲပြီး အရည်အသွေးရှိသည့် ပစ္စည်းကောင်းများထုတ်လုပ်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရရှိစေရန်၊ ပြည်တွင်းဖြစ်ထုတ်ကုန်ပစ္စည်းများကို လွယ်လွယ်ကူကူ ပေါပေါများများ အသုံးပြု နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စက်မှုဇုန်များကို ဖွဲ့စည်းတည်ထောင်အားပေးခဲ့ခြင်းဖြစ်ကြောင်း။

“စတင်အကောင်အထည်ဖော်စဉ်က စက်မှုဇုန်များသည် ပန်းပဲဖိုသာသာ အဆင့်သာရှိခဲ့ရာမှ မိမိတို့၏ အားပေးဖြည့်ဆည်းပေးမှုများကြောင့်လည်းကောင်း၊ လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုများကြောင့်လည်းကောင်း ထူးထူးခြားခြား တိုးတက်အောင်မြင်လာသည့် စက်မှုဇုန်များလည်း ဖြစ်ပေါ်လာခဲ့ကြောင်း။

“နိုင်ငံတော်အနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲအားပေး ပံ့ပိုးသွားမှာဖြစ်ကြောင်း၊ ဤနေရာတွင် သက်ဆိုင်ရာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရန် အားပေးသွားရမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏ အကျိုး၊ အများပြည်သူ၏အကျိုးကိုလည်း ထိခိုက်နစ်နာမှုမရှိအောင် သတိပြုလုပ်ကိုင်ဆောင်ရွက်သွားရန် လိုမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ၏ လိုအပ်ချက်များကို အမြဲမပြတ်ညှိနှိုင်းပေါင်းစပ် အားပေးသွားရန် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း။”

လမ်းညွှန်မှာကြား အားပေးစကားပြောကြားခဲ့သည်။

မန္တလေးတိုင်း၏ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ တိုးတက်မှုမှာလည်း အားရဖွယ်ကောင်းသည်။ ၁၉၈၈ ခုနှစ်က ၄၄၈၅ရုံသာရှိရာမှ ယခု ၄၇၉၅ ရုံတိုးကာ ၉၂၈၀ အထိ ရှိနေပြီဖြစ်သည်။ အိမ်တွင်းစက်မှုလုပ်ငန်း ၁၄၃၅ ရှိထားသည်။ စိုက်ပျိုးရေးနိုင်ငံအဖြစ် စံချိန်တင်ပြီး စက်မှုနိုင်ငံအဖြစ်သို့ စံချိန်ချိုးတော့မည့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အလားအလာ အရိပ်ရိပ်ကို အောက်ပါဇယားကွက်တွင် ဖြည့်စွက်၍ ကြည့်အပ်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စက်မှုစွမ်းအားမြှင့်တင်ခြင်း			
– စက်မှုဇုန်များ	မရှိ	၃	၃
– လုပ်ငန်းပေါင်း	မရှိ	၁၈၈၁	၁၈၈၁
– ပုဂ္ဂလိကစက်ရုံ	၄၄၈၅	၉၂၈၀	၄၇၉၅
– အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ	–	၁၄၃၅	၁၄၃၅
နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ	**၁၀၂**	**၁၃၈**	**၃၆**

သတ္တုနှင့်တွင်းထွက်သယံဇာတ

မန္တလေးတိုင်းတွင် မိုးကုတ်ရတနာမြေရှိသည်။ မျက်မှောက်ခေတ်၌ နိုင်ငံတော်၏အားပေးဖြည့်ဆည်းမှုဖြင့် မန္တလေးတိုင်း၏ သတ္တုနှင့်တွင်းထွက်သယံဇာတကဏ္ဍ ထုတ်လုပ်နိုင်မှုစွမ်းအား ပိုမိုမြင့်မားလာသည်။ ကျောက်မျက်လုပ်ကွက် ၂၄၅ ခုတိုးပြီး ကျောက်မျက်မျိုးစုံ ကရက် ၂၆၃၉၀၀၀ ထုတ်လုပ်နိုင်ခဲ့သည်။ ရွှေ၊ ခဲသတ္တုရိုင်း၊ သွပ်–ခဲသတ္တုရိုင်းနှင့် ခဲမဖြူ အဖြိုက်နက်လုပ်ကွက်များ တိုးပွားနေသည်။ မာဘယ်လ်၊ ခနောက်စိမ်း၊ ဆိုဒီယမ်ကာဘွန်နိတ်၊ မီးခံမြေစေး၊ အောက်ဆိုက်၊ မြေဖယောင်းများ ရှာဖွေထုတ်လုပ်လျက်ရှိသည်။ ကြွေကျောက်၊ ထုံးကျောက်၊ အင်ကြင်းကျောက်၊ ဘရိုက်တီးကျောက်များကို တောက်လျှောက်ထုတ်လုပ်ပေးနေသည်။

ပညာရေး

မျက်မှောက်ခေတ် ပညာရေးကဏ္ဍ၌လည်း မန္တလေးတိုင်းသည် ထွန်းတောက်နေသည့်ကြယ်တစ်ပွင့် ဖြစ်လာခဲ့သည်။ ပြည်ထောင်စုကြီး၏ ဒေသအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအမံအခင်းအကျင်းများကြောင့် အထက်မြန်မာပြည်၏ မြို့တော်မန္တလေးသည် တက္ကသိုလ်မြို့တော်ဟူ၍ ဂုဏ်ယူတင်စားဖွယ်ဖြစ်လာသည်။ ပညာရေးဝန်ကြီးဌာနက တိုင်းအတွင်း၌ ယခင်မန္တလေးတက္ကသိုလ်တစ်ခုသာ ဖွင့်လှစ်နိုင်ခဲ့ရာမှ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်တို့ကို တိုးချဲ့ ဖွင့်လှစ်ပေးခဲ့သည်။ ယခင်ဒေသတွင်း အဆင့်မြင့်ပညာသင်ယူနိုင်သူ နှစ်သောင်းကျော်သာရှိခဲ့ရာမှ ယခု တစ်သိန်းလေးသောင်းနီးပါး တိုးတက်လာသည်။ တိုင်းအတွင်း ကျေးလက်ဒေသများအထိ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး အားပေးခဲ့သဖြင့် အခြေခံပညာကျောင်း ၄၄၆၇ ကျောင်းအထိ ရှိလာပြီး ကျောင်းသူကျောင်းသား ၁၀ သိန်းကျော် ပညာသင်ယူလျက်ရှိသည်။

သူငယ်တန်းကျောင်းဝင်နှုန်းနှင့် တိုင်းအတွင်း စာတတ်မြောက်မှုနှုန်း ရာနှုန်းပြည့်လုနီးပါးရှိလာပြီဖြစ်ရာ ပညာရေးမြို့တော်၊ ပညာရေးတိုင်းအဖြစ် ထွန်းပေါ်လာမည့် မန္တလေးတိုင်း၏ မျက်မှောက်ခေတ် ပညာရေးကဏ္ဍ အညွှန်းကိန်းများကို အောက်ပါဇယားတွင် အားပါးတရတွေ့ရှိရမည်ဖြစ်သည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
– ကျောင်းအင်အား	**၃၆၈၀**	**၄၄၆၇**	**၇၈၇**
– အထက်တန်း	၈၇	၂၂၇	၁၄၀
– အလယ်တန်း	၁၈၀	၂၃၄	၅၄
– မူလတန်းလွန်	မရှိ	၅၄၁	၅၄၁
– မူလတန်း	၃၄၁၃	၃၄၆၅	၅၂
– မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၂၀၁	၂၀၁
– ဆရာ၊ဆရာမဦးရေ	၂၂၆၅၃	၃၂၆၂၃	၉၉၇၀
– ကျောင်းသားဦးရေ	၇၄၇၁၀၅	၁၀၄၅၈၀၃	၂၉၈၆၉၈
– ဆရာအတတ်သင်ပညာရေး			
– ပညာရေးကောလိပ်	၂	၂	အဆင့်တိုးမြှင့်
– ဆရာ၊ဆရာမဦးရေ	၅၉	၁၀၀	၄၁
– သင်တန်းသားဦးရေ	၇၈၈	၅၄၈၂	၄၆၉၄
– သူငယ်တန်းကျောင်းဝင်နှုန်း	၆၈.၄၀%	၉၇.၄၆%	၂၉.၀၆%
– သက်ကြီးစာတတ်မြောက်မှုနှုန်း	၈၁.၆၉%	၉၈.၅၀%	၁၆.၁၈%
– ပညာရေးအဟောသိကံဖြစ်မှုနှုန်း			
– မူလတန်းအဆင့်	၃၈.၆၇%	၁၄.၉၅%	၂၃.၇၂%
– အလယ်တန်းအဆင့်	၃၆.၇၇%	၁၀.၈၇%	၂၅.၉၀%
အဆင့်မြင့်ပညာမြှင့်တင်မှု			
– တက္ကသိုလ်၊ကောလိပ်၊ ဒီဂရီကောလိပ်	**၃**	**၁၀**	**၇**
– အသက်မွေးဝမ်းကျောင်း တက္ကသိုလ်	၁	၁	၀
– ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	၁	၆	၅
– ဒီဂရီကောလိပ်	မရှိ	၁	၁
– ကောလိပ်	၁	၂	၁
– သင်ကြားရေးအစီအစဉ်များ	၄၄	၁၁၈	၇၄
– ဆရာ၊ဆရာမဦးရေ	၁၁၁၅	၁၇၁၆	၆၀၁
– ကျောင်းသားဦးရေ	၂၀၁၉၁	၁၃၉၈၂၉	၁၁၉၆၃၈
– e-Learning Centre	မရှိ	၇၄	၇၄
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	မရှိ	၈	၈

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

သိပ္ပံနှင့်နည်းပညာကဏ္ဍ

မျက်မှောက်ခေတ်၌ ပညာရေးအလင်းရောင် ထွန်းပြောင်လာသော မန္တလေးတိုင်း၏ဂုဏ်ဒြပ်ကို သိပ္ပံနှင့်နည်းပညာ ကဏ္ဍဖြင့်လည်း တောက်ပြောင်အောင် အရောင်တင်ပေးလျက်ရှိသည်။ တပ်မတော်အစိုးရ၏ ဒေသစုံ ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဖြည့်ဆည်းမှုသည် ရေများရာမှာ မိုးမရွာ၊ အလင်းရောင်ပမာ ပြည်မြန်မာတစ်ဝန်း ထွန်းလင်းပေးလျက်ရှိသည်။ ပြည်နယ်/တိုင်းအသီးသီးတွင် ဖွင့်လှစ်ပေးထားသော နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်တို့နှင့် အထက်မြန်မာပြည်တွင် ချိတ်ဆက်မိရန်အတွက် မန္တလေးမြို့၌ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့ကို ဗဟိုပြု၍ဖွင့်လှစ်ပေးထားသည်။ လေကြောင်းနှင့်အာကာသပညာရှင်များ ပေါ်ထွန်းစေရန်အတွက်လည်း လေကြောင်းဆိုင်ရာ အကွက်အကွင်း အခင်းအကျင်းကောင်းသော မိတ္ထီလာမြို့၌ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို အနာဂတ်အရေး မျှော်တွေး၍ ဖွင့်လှစ်ပေးထားသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– နည်းပညာတက္ကသိုလ်(မန္တလေး)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၇	၇
– ဆရာ၊ဆရာမဦးရေ	မရှိ	၉၇	၉၇
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၄၀၄၅	၄၀၄၅
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၅၁၂၁	၅၁၂၁
– ကွန်ပျူတာတက္ကသိုလ်(မန္တလေး)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၇	၇
– ဆရာ၊ဆရာမဦးရေ	မရှိ	၅၅	၅၅
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၉၂၁	၉၂၁
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၃၆၆	၃၆၆
– မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်(မိတ္ထီလာ)	**မရှိ**	**၁**	**၁**
– သင်တန်းအရေအတွက်	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	မရှိ	၅၂	၅၂
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	–	–	–
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၅၇	၁၅၇
– အစိုးရနည်းပညာကောလိပ်(မန္တလေး)	မရှိ	၁	၁
– သင်တန်းအရေအတွက်	၅	၁၁	၆
– ဆရာ၊ဆရာမဦးရေ	၆၃	၂၅၀	၁၈၇
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၃၉၅၃	၈၆၅၅	၄၇၀၂
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၃၀၃၈	၃၀၃၈
– အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်)	**မရှိ**	**၁**	**၁**
– သင်တန်းအရေအတွက်	မရှိ	၁၁	၁၁
– ဆရာ၊ဆရာမဦးရေ	မရှိ	၂၈၅	၂၈၅
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၂၈၄၆	၂၈၄၆
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၈၄၄	၁၈၄၄
– အစိုးရနည်းပညာကောလိပ်(မိတ္ထီလာ)	**မရှိ**	**၁**	**၁**
– သင်တန်းအရေအတွက်	၄	၇	၃
– ဆရာ၊ဆရာမဦးရေ	၅၀	၁၃၅	၈၅
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၅၃၂၉	၅၃၂၉
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၃၈၂	၁၃၈၂
– အစိုးရကွန်ပျူတာကောလိပ်(မန္တလေး)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	မရှိ	၇၂	၇၂
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၅၂၉	၅၂၉
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၃၀၉၈	၃၀၉၈
– အစိုးရကွန်ပျူတာကောလိပ်(မိတ္ထီလာ)	**မရှိ**	**၁**	**၁**
– သင်တန်းအရေအတွက်	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	မရှိ	၂၀	၂၀
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	–	–	–
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၃၇၉	၃၇၉
– အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	မရှိ	၅၅	၅၅
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၆၂၀	၆၂၀
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၃၁၇	၃၁၇
– အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)	**မရှိ**	**၁**	**၁**
– သင်တန်းအရေအတွက်	မရှိ	၅	၅
– ဆရာ၊ဆရာမဦးရေ	မရှိ	၆၀	၆၀
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၃၇၄	၃၇၄
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၃၃၂	၃၃၂
– အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)	**မရှိ**	**၁**	**၁**
– သင်တန်းအရေအတွက်	မရှိ	၆	၆
– ဆရာ၊ဆရာမဦးရေ	မရှိ	၄၀	၄၀
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	–	–	–
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၆၃၈	၆၃၈
– အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)	**မရှိ**	**၁**	**၁**
– သင်တန်းအရေအတွက်	မရှိ	၁	၁
– ဆရာ၊ဆရာမဦးရေ	–	–	–
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	–	၂၀	၂၀
– ကျောင်းသားဦးရေ(လက်ရှိ)	–	၁၂	၁၂
စက်မှုလက်မှုအထက်တန်းကျောင်းများ	**မရှိ**	**၃**	**၃**
– စက်မှုလက်မှုအထက်တန်းကျောင်း (မန္တလေး)	မရှိ	၁	၁
– စက်မှုလက်မှုအထက်တန်းကျောင်း (ကျောက်ဆည်)	မရှိ	၁	၁
– စက်မှုလက်မှုအထက်တန်းကျောင်း(မိတ္ထီလာ)	မရှိ	၁	၁

ကျန်းမာရေး

မျက်မှောက်ခေတ်၌ အရပ်ဒေသအနီးအဝေးကြောင့် ခရီးမဝေးစေရ၊ နယ်စပ်ဒေသများလည်း ပညာရေးနှင့် မဝေးစေရ၊ ကျေးလက်ဒေသများလည်း ကျန်းမာရေးနှင့်မဝေးစေရ မူဝါဒဖြင့် ပြည်သူတစ်ရပ်လုံးအကျိုးကိုဖြန့်ကြက်သယ်ပိုးပေးလျက်ရှိသည်။ ကော်ဖီမြို့တော်၊ စက်မှုမြို့တော်၊ ပညာရေးမြို့တော်၊ စီးပွားရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် ဖွံ့ဖြိုးရေးမြို့တော်များ ပေါ်ထွန်းလာအောင် ဖော်ဆောင်ပေးနေသည်။ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုဖြင့် မြို့ကြီးများကို ပညာရေး၊ ကျန်းမာရေး အချက်အချာမြို့များအဖြစ် ပျိုးထောင်ပေးနေသည်။

မန္တလေးတိုင်းအတွင်း တိုက်နယ်အဆင့်မှစ၍ ဆေးရုံများတိုးချဲ့ဖွင့်လှစ်ပေး လျက်ရှိသည့်နည်းတူ အထက် မြန်မာပြည်၏ ကျန်းမာရေးဗဟိုဌာနတစ်ခုအသွင်ဖြင့်လည်း မန္တလေးမြို့တော်ကို ပုံဖော်ပေးနေသည်။ မန္တလေး၌ ဆေးနှင့်ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်ခြောက်ခုအထိရှိလာပြီး အထူးကုဆေးရုံခုနစ်ရုံ၊ သင်ကြားရေးဆေးရုံနှစ်ရုံအထိ ရှိနေပြီ ဖြစ်သည်။ မျက်မှောက်ခေတ်၌ ဗလငါးတန် ကြန်အင်လက္ခဏာများဖြင့် မြင့်မားတိုးတက်နေသော မန္တလေးတိုင်း၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုကို အောက်ပါဇယားတွင် တွေ့ရှိနိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	**၆၇**	**၈၈**	**၂၁**
– အထူးကုဆေးရုံ	၃	၇	၄
– သင်ကြားရေးဆေးရုံ	၁	၂	၁
– ခုတင်(၃၀၀)	မရှိ	၁	၁
– ခုတင်(၂၀၀)	မရှိ	၂	၂
– ခုတင်(၁၅၀)	မရှိ	၁	၁
– ခုတင်(၁၀၀)	၅	၆	၁
– ခုတင်(၅၀)	၅	၈	၃
– (၂၅)ခုတင်	၃	၈	၅
– (၁၆)ခုတင်	၁၄	၉	အဆင့်တိုးမြှင့်
– တိုက်နယ်ဆေးရုံ	၃၆	၄၄	၈
ကျန်းမာရေးလုပ်ငန်းဌာနများ	**၂၁၆**	**၂၂၃**	**၇**
– ကျေးလက်ကျန်းမာရေးဌာန	၁၅၅	၁၅၉	၄
– မိခင်ကလေးကျန်းမာရေးဌာန	၃၆	၃၆	–
– ဒေသန္တရကျန်းမာရေးဌာန	၁၃	၁၆	၃
– ကျောင်းကျန်းမာရေးအဖွဲ့	၁၂	၁၂	–
ကျန်းမာရေးဝန်ထမ်းများ	**၂၂၇၁**	**၄၈၂၃**	**၂၅၅၁**
– ဆရာဝန်(အထူးကု/လက်ထောက်)	၃၇၃	၁၀၀၂	၆၃၉
– သူနာပြု	၄၆၈	၁၉၅၀	၁၄၈၂
– ကျန်းမာရေးဆရာမ	၁၉၇	၂၁၇	၂၀
– သားဖွားဆရာမ	၉၄၇	၁၁၁၇	၁၇၀
– ကျွမ်းကျင်ဝန်ထမ်း	၃၅	၁၀၀	၆၅
– မြို့နယ်ကျန်းမာရေးမှူး	မရှိ	၉	၉
– လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၃၁	၃၁
– လက်ထောက်ကျန်းမာရေးမှူး	ဦး	၁၁၉	၁၆၁၄၂
– ကြီးကြပ်(၁)/(၂)	၁၃၂	၂၂၆	၉၄
တိုင်းရင်းဆေး			
– တိုင်းရင်းဆေးရုံ	၁	၁	–
– တိုင်းရင်းဆေးပေးခန်း	၁၂	၂၈	၁၆
သင်တန်းကျောင်းများ			
– သူနာပြုသင်တန်းကျောင်း	၁	၂	၁
– သားဖွားသင်တန်းကျောင်း	၂	၂	–
ရောဂါကြီးများပပျောက်ကင်းစင်မှု			
– ကျောက်ကြီးရောဂါ	ကင်းစင်	ကင်းစင်	ကင်းစင်
– အနာကြီးရောဂါ	–	ကင်းစင်	ကင်းစင်
– ပိုလီယိုအကြောသေရောဂါ	–	ကင်းစင်	ကင်းစင်
သေနှုန်းကြမ်းကျဆင်းမှု(လူ၁၀၀၀လျှင်)			
– ကျေးလက်	၉.၉	၈.၉	၁.၀
– မြို့ပြ	၇.၁	၆.၂	၀.၉
လူ့မျှော်မှန်းသက်တမ်းမြင့်တက်မှု(နှစ်)			
– ကျေးလက်			
– အမျိုးသား	၅၆.၂	၆၀.၈	၄.၆
– အမျိုးသမီး	၆၀.၄	၆၃.၃	၂.၉
– မြို့ပြ			
– အမျိုးသား	၅၉.၀	၆၁.၅	၂.၅
– အမျိုးသမီး	၆၃.၂	၆၅.၆	၂.၄
တက္ကသိုလ်များ	**၁**	**၆**	**၅**
– ဆေးတက္ကသိုလ်	၁	၁	–
– သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်	မရှိ	၁	၁
– သူနာပြုတက္ကသိုလ်	မရှိ	၁	၁
– ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်	မရှိ	၁	၁
– ဆေးဘက်ပညာသည်တက္ကသိုလ်	မရှိ	၁	၁
– တိုင်းရင်းဆေးတက္ကသိုလ်	မရှိ	၁	၁
– ဆရာ၊ဆရာမဦးရေ	၁၆၉	၁၃၄၂	၁၁၇၃
– ကျောင်းသားဦးရေ	၁၅၀	၇၂၈၇	၇၁၃၇

မြို့ရွာစည်ပင်ဖွံ့ဖြိုးတိုးတက်မှု

တပ်မတော်အစိုးရလက်ထက်တွင် ညီနောင် ပြည်နယ်/တိုင်းများနှင့်အတူ မန္တလေးတိုင်း၏ မြို့ရွာစည်ပင် ဖွံ့ဖြိုးတိုးတက်မှုကလည်း အချိုးကျလှုပနေသည်။ မြို့ပြလမ်းမိုင် ၄၀၀ နီးပါးရှည်လျားလာရာ ကတ္တရာလမ်း ၂၄၆ မိုင်ကျော်ပါသည်။ မြို့ရေပေးရေးဆောင်ရွက်ရန်ရှိသည့် ၂၆ မြို့အနက် ၁၆ မြို့တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျေးလက်များကလည်း လက်တံရှည်လျားစွာဖြင့် မြို့ပြလမ်းများကို ချိတ်ဆက်လျက်ရှိသည်။ ယခင် ကျေးလက်လမ်းမိုင် ၅၀၀ ကျော်သာရှိရာမှ ယခု ၂၇၄၅ မိုင်ကျော် ဖြစ်လာသည်။ ကျေးလက်ရေရရှိရေးစီမံကိန်းဖြင့် တစ်နိုင်ငံလုံး ကွက်ပြည့်နှင်းလျက် ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်း၌လည်း လုပ်ငန်းပေါင်း ၅၂၅၇ ခု ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မြို့ပြဖွံ့ဖြိုးမှု			
– မြို့ပြလမ်းများ(မိုင်)	**၃၀၃/၄**	**၇၀၂/၆**	**၃၉၉/၂**
– ကတ္တရာလမ်းမိုင်	၁၀၁/၆	၂၄၆/၁	၁၄၄/၃
– ကျောက်လမ်းမိုင်	၁၂၃/၅	၁၄၂/၁	၁၈/၄
– ဂဝံလမ်းမိုင်	၄၉/၅	၉/၄	အဆင့်မြှင့်တင်
– မြေလမ်းမိုင်	၂၈/၄	၃၀၅/၀	၂၇၆/၄
– မြို့ပြတံတားများ	**–**	**၁၂၄၄**	**၁၂၄၄**
– မြို့ရေပေးရေးလုပ်ငန်း			
– ဆောင်ရွက်ရမည့်မြို့နယ်	၂၆	၁၀	၁၆
– ပြီးစီးသည့်လုပ်ငန်း	၁၀	၁၆	၆
ကျေးလက်ဖွံ့ဖြိုးမှု			
– ကျေးလက်လမ်းများ(မိုင်)	**၅၃၂/၆**	**၂၇၄၅/၄**	**၂၂၁၂/၆**
– ကတ္တရာလမ်းမိုင်	၄၀/၀	၁၇၃/၇	၁၃၃/၇
– ကျောက်လမ်းမိုင်	၁၄၉/၂	၆၄၂/၆	၄၉၃/၄
– ဂဝံလမ်းမိုင်	၂၄၂/၄	၁၈၂/၁	အဆင့်မြှင့်တင်
– မြေလမ်းမိုင်	၁၀၁/၀	၁၇၄၆/၆	၁၆၄၅/၆
– ကျေးလက်တံတားများ	**–**	**၅၉၈**	**၅၉၈**
– ကျေးလက်ရေရရှိရေး			
– ဆောင်ရွက်ရမည့်ကျေးရွာ	၄၁၁၉	၅၀၇	၃၆၁၂
– ပြီးစီးသည့်လုပ်ငန်း	မရှိ	၅၂၅၇	၅၂၅၇
– ကျေးလက်အိမ်ရာ	**မရှိ**	**၂၈၃**	**၂၈၃**

ပြည်ထောင်စုနှင့်လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု

မျက်မှောက်ခေတ်၌ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတို့ဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားရေးကို အမျိုးသားရေးအဖြစ် ဖော်ဆောင်ပေးနေသည်။ ထို့အပြင် အခြားကဏ္ဍများလည်း ပြိုင်တူ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်လျက်ရှိသည်။ မန္တလေးတိုင်းအတွင်း၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်ပေးထားသည်။ ယဉ်ကျေးမှုတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သမဝါယမကောလိပ်၊ ယွန်းပညာကောလိပ် စသည်တို့ဖြင့် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသား လူမျိုးများ ဘက်စုံဖွံ့ဖြိုးရေးကို သယ်ပိုးမည့် ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးကဏ္ဍ

ယနေ့အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မဏ္ဍိုင်ပြုလျက် နယ်စပ်နှင့် ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းသာယာလျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီ ဖြစ်သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိရပ်ရွာဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားကြရသည်။ မိမိမြို့ပြ၏ ယခင်နှင့်မတူ တစ်မူထူးခြားလာသော ပြောင်းလဲဖြစ်ထွန်းမှုများကို ကိုယ်တွေ့မျက်မြင် နေ့စဉ်ထိတွေ့ခံစားကြရသည်။ တစ်ပြည်လုံးအတိုင်းအတာဖြင့် တစ်ပြေးညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်နေပုံအလုံးစုံကိုမူ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာနှင့် စာနယ်ဇင်းတို့မှတစ်ဆင့် မြင်ရ၊ တွေ့ရ၊ ကြားကြရသည်။

တစ်ပြည်လုံး တစ်မျိုးသားလုံး ကျန်းမာချမ်းသာမှ နိုင်ငံကျန်းမာချမ်းသာသည်ဟု ဆိုနိုင်သည်။ တစ်ပြည်လုံး၊ ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုရမည်။ တပ်မတော်အစိုးရက တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘက်စုံသယ်ပိုးနေပုံများကို ပြန်ကြားရေးကဏ္ဍဖြင့် ပြည်သူ့နှလုံးသားနှင့် ဦးနှောက်များထံသို့ ပို့ဆောင်သတင်းပေးလျက် ရှိနေပေသည်။ မျက်မှောက်ခေတ်၌ ညီနောင်ပြည်နယ်/တိုင်းများနည်းတူ မန္တလေးတိုင်းကလည်း စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့ အားကြိုးမာန်တက် ချီတက်လျက်ရှိနေပါကြောင်း အောက်ပါဇယားမှတစ်ဆင့် သတင်းကောင်းပါးအပ်ပေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁	၄	၃
– ပြန်/ဆက်ရုံးများ	မရှိ	၃၃	၃၃
– ပြန်/ဆက်စာကြည့်တိုက်များ	၁၂	၃၃	၂၁
– ဌာနဆိုင်ရာစာကြည့်တိုက်	–	၁၈	၁၈
– ကျေးလက်စာကြည့်တိုက်	–	၂၃၅၀	၂၃၅၀
– e-Library များ	မရှိ	၂၃	၂၃
– ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)	မရှိ	၁	၁

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းပညာရေးမိသားစု စတုတ္ထအကြိမ်မြောက် ဆွမ်းနှင့် စာရေးတံမဲ လှူဒါန်းပွဲ အခမ်းအနားတွင် သီလရှင်များအား ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ဌေးတို့က လှူဖွယ်ပစ္စည်းများ လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဒဂုံအထက(၁)ပညာရေးမိသားစု ဆွမ်းနှင့်စာရေးတံမဲ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာရေးမိသားစုများ၏ စတုတ္ထအကြိမ်မြောက် ဆွမ်းနှင့် စာရေးတံမဲလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက်၉နာရီက စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ သမိဒ္ဓေါဒယသုစိတာရာမ မြန်အောင်ကျောင်းတိုက်၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ဌေး၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ တိုင်းမှူး၏ဇနီးဒေါ်ခင်သက်ဌေးနှင့်ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်တို့က ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဝန်ကြီးများ ဆိုင်အတွင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ်(၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၇နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့သစ် အမှတ်(၂) လမ်းမကြီးပေါ်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၂) စစ်ဒေသမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်တို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြသ

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက ဓာတ်ငွေ့သိုလှောင်ပုံနည်းစနစ်၊ ဖိအားမြှင့်စက် ကွန်ပရက်ဆာ ၏ စွမ်းဆောင်ချက်များ၊ ဓာတ်ငွေ့ဖြည့်စက်၏ ဓာတ်ငွေ့ဖြည့်သွင်းပေးမှုနှင့် ဓာတ်ငွေ့ဖိုး ကျသင့်ငွေတွက်ချက်ပေးစက်၏ တန်ဖိုးငွေတွက်ချက်ပေးမှုများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခရီးသည်တင် မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာမော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့ ဒဂုံမြို့သစ် အမှတ်(၂)လမ်းမကြီးပေါ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၀၆)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

တရားတော်များ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ပိုင်း ရပ်ကွက် ၈၂လမ်းရှိ ဇေယျာသုခဓမ္မာရုံ(၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် ဓမ္မပူဇာသဘင်ပွဲကြီးကို ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တွင် ရွှေပြည်ဟိန်းဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသီရိလင်္ကာရ၊ ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စာပန်းခင်း စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင်သင်္ဃန်းကျွန်းမြို့နယ် ၁၆/ ၃ရပ်ကွက် စာပန်းခင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က ၁၆/၃ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးညွှန့်လှိုင်၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဇော်နှင့် ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးခင်ဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** ထို့နောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်လှိုင်က စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းများ ဆွေးနွေးပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဇော်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နယ်စပ်စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မြို့ရွာစည်ပင်သာယာရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်သည် ဖေဖော်ဝါရီ၈ရက် မွန်းလွဲပိုင်းက ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်စိုးနှင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်တို့က စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည်ကျိုင်းတုံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိရာ ခေတ္တကျောင်းအုပ် ဒေါ်မေသီအောင်က သင်တန်းကျောင်း အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ကျောင်းသားများအား ပြည်ထောင်စု စိတ်ဓာတ် ဘာသာရပ်သင်ကြားနေမှုများ၊ အိပ်ဆောင်များနှင့် ကျောင်း စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမျိုးသမီးများ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ် ဒေါ်နန်းယုန်းက ကျောင်း၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် တိုင်းရင်းသူများ သင်ကြားနေမှု အခြေအနေ၊ အခြေခံစက်ချုပ်သင်တန်းနှင့် သိုးမွေးထိုးသင်တန်းများမှ သင်တန်းသူများ လေ့လာသင်ကြားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ၉ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မေတ္တာလမ်းအရှည်ပေ ၂၉၀၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လိုက်လံစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ပါဠိမဉ္ဇူကျောင်းသစ် ရေစက်ချပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကျောင်းတိုက်တွင် (၄၆)နှစ်ပြည့် အထိမ်းအမှတ်နှင့် စာအောင်သံဃာတော်များပူဇော်ပွဲ၊ ပါဠိမဉ္ဇူငါးထပ်တိုက်ကျောင်းသစ် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဝါဆိုဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပူဇော်ပွဲကျင်းပရခြင်း အကြောင်းကို ဝေယျာဝစ္စအဖွဲ့ဒုတိယဥက္ကဋ္ဌဦးကြီးမြင့်က လည်းကောင်း၊ စာအောင်သံဃာစာရင်းကို တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရိကဥ္စနကလည်းကောင်း၊ ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ဦးသိန်းအောင်ကလည်းကောင်း ဖတ်ကြားလျှောက်ထားကြသည်။ ထို့နောက် ယောဆရာတော်က ရေစက်ချတရားချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ၁၁ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး မိသားစုက (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား နေအိမ်၌ ဂုဏ်ပြုညစာဖြင့် ရင်းရင်းနှီးနှီး ဧည့်ခံစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ပုသိမ် – မော်တင်စွန်းမော်တော်ယာဉ်လိုင်းသစ်ဖွင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ၏ ပုသိမ်–မော်တင်စွန်း မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈နာရီက ပုသိမ်မြို့ ကမ်းနားလမ်းရှိ ငွေဆောင်ဇက်ဆိပ်၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပုသိမ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ပုသိမ်မြို့မှ အနောက်ဘက်ပင်လယ်ကမ်းခြေဒေသဖြစ်သော ဟိုင်းကြီးမြို့နယ်မှ ငရုတ်ကောင်းမြို့နယ်တို့ကို ဖြတ်သန်းပြေးဆွဲမည့် မော်တော်ယာဉ်လိုင်းဖွင့်လှစ်နိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် တိုင်းပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဂျွန်ရပ်စ်သောင်းတို့က မော်တော်ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပုသိမ်မှ မော်တင်စွန်းသို့ မော်တော်ယာဉ်များစတင်ပြေးဆွဲမှုကို ကြည့်ရှုအားပေးသည်။

လွယ်ကူချောမွေ့

အဆိုပါ မော်တော်ယာဉ်လိုင်းဖွင့်လှစ်နိုင်ခြင်းကြောင့် ပုသိမ်–မော်တင်စွန်းလမ်း တစ်လျှောက်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် ပုသိမ်သို့ သွားရောက်၍ ၎င်းမှတစ်ဆင့် မော်တင်စွန်းသို့ ကုန်းလမ်းခရီးဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ၏ ပုသိမ်–မော်တင်စွန်း မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပုသိမ်မှ မော်တင်စွန်းသို့ မော်တော်ယာဉ်များ စတင်ပြေးဆွဲစဉ်။ (ဧရာဝတီတိုင်း)

ပြည်ထောင်စုနေ့ပြပွဲ ပဉ္စမနေ့ ဆက်လက်ပြသ ရဟန်းရှင်လူပြည်သူများ လာရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပဉ္စမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသရာ ရဟန်းရှင်လူပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၃၈၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် ဗဟိုပြကွက်၊ ရှေးဟောင်းမြန်မာနိုင်ငံတော်များပြကွက်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများပြကွက်၊ ပြည်ထောင်စုနေ့ ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေးရရှိခြင်းပြကွက်၊ မျက်မှောက်ခေတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပြကွက်နှင့် မျက်မှောက်ခေတ် နိုင်ငံရေး၊ လူမှုရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု ပြကွက်တို့ကို စနစ်တကျ ခင်းကျင်းပြသထားသည်။

အခမဲ့ကြည့်ရှုလေ့လာနိုင်

ပြပွဲကိုဖေဖော်ဝါရီ ၁၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း နေ့စဉ်ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

တရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကင်းမြို့နယ် အမှတ် ၅ရပ်ကွက် ဓမ္မိကဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ညနေ ၅ နာရီခွဲမှစ၍ ည၇နာရီအထိ မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော် တရားပွဲများ ကျင်းပမည်ဟု သိရသည်။ **(က–ပ)**

သဘာဝဓာတ်ငွေ့ဝယ်ယူသူများ ထိပ်သီးဆွေးနွေးပွဲတက်ရောက်ရန် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး အိန္ဒိယသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် တတိယအကြိမ်မြောက် အာရှဒေသဆိုင်ရာ သဘာဝဓာတ်ငွေ့ဝယ်ယူသူများ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံသို့ ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့်အတူ အဖွဲ့ဝင်အဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် ညွှန်ကြားရေးမှူး (ထုတ်လုပ်မှုစီမံရေး) ဦးစိုးအောင်တို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၉ ရက်က အားကစားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ဟော်ကီပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော ဟော်ကီလက်ရွေးစင် အားကစားသမားများ အသုံးပြုရန်အတွက် Globe Spray ခြင်ဆေးဘူးများကို ACCL ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Narayan က ပေးအပ်လှူဒါန်းရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံရယူစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

သက်တော် ၁၀၀ ပြည့် ဝိဇာတပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ရှမ်းစုကြီးကျေးရွာ ရှမ်းစုကြီးကျောင်းတိုက်၏ ဦးစီးနာယက ပဓာနိဿရိယ ပဲခူးတိုင်း ဩဝါဒါစရိယ ဂဏာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉတ္တရမဟာထေရ် (သာသနာပြု) သက်တော်ရှည် ဆရာတော်ကြီး၏ သက်တော် ၁၀၀ ပြည့် ဝိဇာတပူဇော်ပွဲနှင့် သိမ်ထပ်မင်္ဂလာကို တပည့် ဒါယကာ ဒါယိကာမများနှင့် ခုနစ်ရက်သားသမီးများ စုပေါင်းကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် သိမ်ထပ်မင်္ဂလာကျင်းပပြီး ၂၂ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီအထိ ပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

အထက(၅)မော်လမြိုင်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

တတိယအကြိမ်မြောက် အထက (၅) (စိန်ပက်ထရစ်) မော်လမြိုင်ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို မေ ၁ ရက်(အလုပ်သမားနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ၁၉၈၀ ပြည့်နှစ်အထိ စာသင်ပြခဲ့ဖူးသည့် ဆရာ ဆရာမများ အချိန်မီသတင်းပို့ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို မြဝတီဘဏ် A/C No.C ၁၂၁ M ၀၉၂၀၄ Oသို့ ထည့်ဝင်လှူဒါန်းနိုင်ကြပြီး ကျောင်းသားဟောင်းများဖြစ်ကြသည့် ဦးသိန်းဇော် ဖုန်း–၀၉၅၀–၁၀၆၅၂၊ ၂၄၁၇၀၁၊ ဦးရှိန်ဝင်း ဖုန်း–၀၉၉–၉၂၁၁၉၈၊ ၂၂၆၅၀၀၊ ဦးအုန်းလွင် ဖုန်း–၀၉၅–၀၁၃၂၄၃၊ ၅၂၇၆၆၇နှင့် ဒေါက်တာဉာဏ်ထွန်း ဖုန်း–၀၉၅–၀၀၂၀၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စီးပွားရေးဂျာနယ် အတွဲ(၅)၊အမှတ်(၂)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ/ရသ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့် အသွင်သစ်ဖြင့် ထုတ်ဝေလိုက်သော The Commerce Journal အတွဲ(၅)၊ အမှတ်(၂)ကို အမှတ် ၃၈၊ လမ်း(၃၀)ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က ဖြန့်ချိထားသည်။ **(က–ပ)**

မီး သတိပြု

ဖြူးမြို့နယ် ဖြူး-ဘန်းလောင် ကျေးလက်လမ်းဖွင့် ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့

ဖြူး ဖေဖော်ဝါရီ ၉

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖြူးမြို့နယ် ဖြူး-ဘန်းလောင် ကျေးလက်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက် နံနက်၉နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က လမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါလမ်းမှာ အရှည် ၁၂မိုင်ရှိ ကျောက်ချောလမ်းဖြစ်ပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေကျပ်သိန်း၄၀၀ဖြင့် အရှည် ငါးမိုင်၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၄၀၀ ဖြင့် အရှည် ငါးမိုင်၊ စုစုပေါင်း ငွေကျပ်သိန်း ၈၀၀ဖြင့် လမ်း အရှည် ၁၀မိုင်ကို ဆောင်ရွက်ပေးခဲ့သည်။

ကျောက်ချောလမ်း ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် ဖြူး-ဘန်းလောင် ကျေးလက်လမ်းပေါ်ရှိ ကျေးရွာပေါင်း ၁၄ရွာမှ ကျေးလက်ပြည်သူနှစ်သိန်းကျော်တို့ သွားလာမှုလွယ်ကူစေခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ဖြူး-ဘန်းလောင်လမ်းမှ ကျော်လှကြီးကျေးရွာသို့ ဆက်သွယ်သည့် ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။ ကျေးလက်လမ်းကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လမ်းကော်မတီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၆၀၀ရှိ ကျောက်ချောလမ်းဖြစ်ပြီး ငွေကျပ် ၁၅သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ခရမ်းမြို့နယ် မကျီးကန်ကျေးရွာ စက်ရေတွင်း ရေစမ်းသပ်မှုတ်ထုတ်

ခရမ်း ဖေဖော်ဝါရီ ၅

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၀၄ -၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ခရမ်းမြို့နယ်တာဝန်ခံ) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက လှူဒါန်းသော မကျီးကန်ကျေးရွာ နှစ်လက်မ စက်ရေတွင်းမှ ရေစမ်းသပ်မှုတ်ထုတ်မှုကို ဇန်နဝါရီ ၃၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးနေမျိုးလင်းနှင့် တာဝန်ရှိ သူများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ **(အပေါ်ပုံ)**

အောင်မြင်စွာတူးဖော်

အဆိုပါ မကျီးကန်ကျေးရွာ စက်ရေတွင်းမှာ အနက်ပေ ၅၇၀ဖြစ်ပြီး တစ်နာရီရေထွက်နှုန်း ဂါလန် ၁၂၀၀ ထွက်ရှိသည်။ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း လှူဒါန်းသည့် နှစ်လက်မ စက်ရေတွင်း များအနက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာ၁၆ရွာတွင် စက်ရေတွင်း ၁၆ တွင်းအောင်မြင်စွာ တူးဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၅

မော်လမြိုင်ကျွန်းမြို့နယ် ထီပါလယ်သောင်တန်းကျေးရွာအုပ်စု ထီပါလယ်ကျေးရွာ ကျေးရွာဂုဏ် ကိုယ့်အား ကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် ညနေ ၃နာရီက စုပေါင်းရုံး အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်း-မြင့်အောင်)နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးညွန့်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးညွန့်ဝင်းက အမှာ စကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)က ကျေးလက်စာကြည့်တိုက်များ အောင်မြင်ရှင်သန်ရေးကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ကျေးရွာဂုဏ် ကျေးလက်စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်၊ စာစောင်များ လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌက လက်ခံရယူသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ် ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားပြစက်များ စုပေါင်းလှူဒါန်း

မိုင်းဖြတ် ဖေဖော်ဝါရီ ၃

မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်၊ရေဒီယိုနှင့် ရုပ်မြင်သံကြားပြစက်များ စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဖြတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဦးသိန်းမြင့်ကအမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အရေးပါပုံအကြောင်း အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော အလှူရှင် ၂၂ဦးက ရုပ်မြင်သံကြားဖမ်းစက် အဖြူအမည်းသုံးလုံး၊ ရေဒီယိုသုံးလုံး၊ ငွေကျပ်ငါးသောင်းလေးထောင်တန်စာအုပ်မျိုးစုံ ၁၂၀ ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိဦးစိုင်းဆမ်တစ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညောင်ဦး (ပုဂံ)မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ငါ့သရောက်-ဂျမ်းလှီးကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ဂျမ်းလှီးကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မင်းနှင့် အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်ဒေသ သောက်သုံးရေရရှိရေး ရွှေတောင်မြို့နယ်တွင် စက်ရေတွင်းဖွင့်

ရွှေတောင် ဖေဖော်ဝါရီ ၁၀

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်နံနက် ၉နာရီက ရွှေတောင်မြို့နယ် ဇီးကျွန်းကျေးရွာ အုပ်စု သိရီမင်္ဂလာမာလာရုံကျောင်းတိုက်၌ ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားတွင် ရွှေတောင်မြို့နယ် ဥက္ကဋ္ဌဦးသန်းမြင့်၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ တိုင်းအလုပ်အမှုဆောင်ဦးခင်အောင်ဝင်းနှင့် ဇီးကျွန်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်ဌွေးတို့က အမှာစကားများပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်၊ ရွှေတောင်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမင်းသိမ်း၊ ဇီးကျွန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌွေးတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

သောက်သုံးရေရရှိမည်

အဆိုပါ စက်ရေတွင်းသည် ပန်းတင်ကျေးရွာတွင် လေးလက်မ အရွယ်ပိုက်ဖြင့် အနက် ၃၅ ပေတူးဖော်ထားပြီး၊ ပေ ၂၁၆၀ အကွာရှိ ဇီးကျွန်းကျေးရွာ သိရီမင်္ဂလာမာလာရုံကျောင်းသို့ သုံးလက်မအရွယ်ရေပိုက်ဖြင့် သွယ်တန်းယူဆောင်ကာ ဘုန်းတော်ကြီးကျောင်းနှင့် ပတ်ဝန်းကျင်ရှိအိမ်ထောင်စု ၂၀၀ကျော်အတွက် သောက်သုံးရေ ရရှိမည်ဖြစ်သည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းအတွက် စေတနာရှင်များနှင့်ပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၁သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(က-ပ)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သောသဝဏ်လွှာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေဖတ်ကြား ပြည်သူလူထုအင်အားတစ်သောင်းကျော်တက်ရောက်အလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား ***စာမျက်နှာ ၅ ကော်လံ ၁*** ❒

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ပြည်ထောင်စု အလံတော်ကို တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ဝန်၏ ညှိခန်းမ စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအဖွဲ့နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက အလေးပြုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအလံတော်

ရန်ကုန်အနောက်ပိုင်းခရိုင်မှပြည်သူ့ရင်ပြင်အလံတင်အခမ်းအနားသို့သယ်ဆောင် ရန်ကုန်မြို့တော်ဝန်ဦးစီးသည့် အလံတော်သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေးအစီအစဉ်အရ ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အားကစားကွင်းစင်မြင့်၌လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း စင်မြင့်၌လည်းကောင်း၊ ယမန်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌လည်းကောင်း တစ်ညတာစီရပ်နားခဲ့သော ပြည်ထောင်စုအလံတော်အား (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်သို့ ဆက်လက်သယ်ဆောင်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ကျင်းပသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ✡



မြန်မာ့အလင်း

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

❒ **ပြည်မြန်မာ ပြည်ထောင်စုပေမို့၊ တည်ထောင်ပြုညီညာ**

ယုဝတီကဗျာရှင်တက္ကသိုလ်နွယ်သဇင်၏ ကဗျာ(စာ–၆)

❒ **တပ်မတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ မျက်ရည်ကိုသုတ်၊ ဒုက္ခကိုငြိမ်းစေပြီး ပြည့်ဝမ်းဗိုက်ကို ဖြည့်တင်း၊ ပြည့်အရည်အချင်းကို မြှင့်တင်ပေးနေသော အစိုးရဖြစ်သည်။ ပြည်သူထဲမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်၍ ပြည်သူတို့၏ဘဝကိုမမေ့။ အညာအကြေ မြိုင်ခြေတောကြီး ဒေသအသီးသီး၌ ဦးဆွေး ဆံမြည့် တာဝန်ထမ်းဆောင်ခဲ့ရ၍ ဒေသတိုင်းကိုမမေ့။ သို့ဖြစ်၍ နိုင်ငံတော်တာဝန်ယူနေရသည့် ကာလတွင် တစ်နိုင်ငံလုံး၏ လိုအပ်ချက်ကို ကွက်လပ်မကျန်ရအောင် ဖြည့်ဆည်းပေးခဲ့သည်။**

သီဟအောင်၏ဆောင်းပါး (စာ–၈၊ ၁၀၊ ၁၁နှင့်၁၂)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး